မိုးနှိုင်း ဆရာတော်ဦးပဏ္ဍိတ ပြုစုရေးသားအပ်သော

# မိုးနှိုင်းစေတီတော်

# သမိုင်း



မိုးနှိုင်း ငါးမာရ်အောင် ဆုတောင်းပြည့်စေတီပုံတော်

လှိုင်းဘွဲ့မြို့-ဘားအံခရိုင်-ကော့သူးလေပြည်နယ်

.၁၅
ဘ

၁၀၀၁၂
၂၉၄.၃၅
ပဥ္စာ
၁၂/[illegible]
၂၇



# မိုးနိုင်း ဘုရားကုန်းကျောင်း

## ဆရာတော် ဦးပဏ္ဍိတ

ပြုစုရေးသားအပ်သော

# မိုးနိုင်းစေတီတော်သမိုင်း

# သမိုင်းရေးသူ အဋ္ဌုပ္ပတ္တိ

ကော်သူးလေပြည်နယ်ဘားအံခရိုင် လှိုင်းဘွဲ့မြို့အပိုင် အထက်ပိုင်ကျုံ ကျောင်းသစ် ဂိုဏ်းထောက် ဆရာတော် ဘုရားကြီး ဦးပါမောက္ခ၏တပည့် မိုးနိုင်းရွာနေ ဦးငွေ-ဒေါ်နှင်းမေ တို့၏ သားထွေး အသက် ၃၆-နှစ်၊ ဝါတော် ၁၅-ဝါရှိ (မောင်ဆွယ်အိုင်)ခေါ် ဦးပဏ္ဍိတသည် ၁၂၉၃-ခု နတ္တော်လဆန်း ၁-ရက် ကြာသာပတေးနေ့ ည ၁၁-နာရီအချိန်တွင်ဖွားမြင်ခဲ့လေသည်။ ၎င်း ၁၃၁၄-ခု ဂိံမန္တဥတု တန်ခူးလဆုတ် ၁၃-ရက် အင်္ဂါနေ့ နံနက် ၆-ဖွား ၈-လက်သစ် ၈-နာရီ ၃၀-မိနစ် ၄၀-စက္ကန့် အချိန်တွင် ဥပသမ္ပဒကံဆောင်အဖြစ်မှ အောင်မြင်ခဲ့လေသည်။

ဦးပဉ္ဇင်းမှာ အသက် ၉-နှစ်အရွယ်က စ၍ မိုးနိုင်း ပိုင်ကျုံ၊ မော်လမြိုင်၊ သထုံ၊ ရန်ကုန်အစရှိသော မြို့ရွာများတွင် လောကီ လောကုတ်နှစ်ဖြာနှင့် ဘာသာကွဲစာပေကျမ်းဂန်များကိုပါ လေ့လာသင်ကြားတော်မူခဲ့ပြီးနောက်ဗုဒ္ဓရှင်တော်ဘုရားသီတင်းသုံးရာ အနောက်မဇ္ဈိမဒေသသို့ ရှေးဟောင်းဖြစ်သော အရပ်ရပ်ဘုရားကျောင်းကန်များနှင့် ဒေသန္တရ ဗဟုသုတ ပွားများ ရစေခြင်းအကျိုးငှါ ကြွရောက်ဖူးမျှော်လှည့်လည်ပြီးအပြန် ယိုးဒယားပြည် စံခရားဘိုရေနယ် ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး ဦးနန္ဒစာရက သာသနာပြုရန် ပင့်ခေါ်သဖြင့် ကြွရောက်၍ ၂-ဝါတိုင်တိုင် သာသနာပြုနေရပါသည်။

ထိုကာလ၌ပင် မိမိအကျိုး၊ သူ့အကျိုး ၂-မျိုးဖြစ်စေခြင်းငှါ စံခရားဘိုရေ၊ ဘန်ကောက်၊ အယုဒ္ဓယအစရှိသော နယ်ဂယ်မြို့ရွာများတွင် လှည့်လည်၍ ဘုရားများကိုပါ ဖူးမျှော်ခဲ့ရပါသည်။ ၎င်းယိုးဒယားပြည်မှအပြန် ရန်ကုန်မှ အထက် ပိုင်ကျုံကျောင်းသစ်တွင် တဖန် ပြန်လည်သီတင်းသုံးခဲ့ရာ ဒဂုဏ်ပဏ်, သာသနာ့ပြန့်ပွားရေး စာကြည့်တိုက်နှင့် ဇီဝိတဒါန ဆေးပေးခန်းများဖွင့်လှစ်ပြီးစာပေနှင့် စာမေးပွဲများကိုပါ သုံးဝါတိုင်တိုင် ပို့ချသင်ကြားပေးနေပါသည်။

## မိုးနိုင်းဘုရား နိဒါန်းကြား

ထိုအခါ၌ မိုးနိုင်းဘုရားကိုပြန်လည်ပြုပြင်ရန် အထက်ပိုင်ကျုံကျောင်းသစ် ဂိုဏ်းထောက် ဆရာတော်ဘုရားကြီး ဦးပါမောက္ခအား ရဟန်း, ရှင်, လူရော အစုံးရအမှုထမ်းများပါ အသီးသီးအကြိမ်ကြိမ် လျှောက်ထားတိုက်တွန်းကြပါသည်။

ထိုအကြောင်းကို တနေ့သောအခါ၌ ဦးပဥ္စင်းကြားသိရသဖြင့် "အော် .... ဤမိုးနိုင်းဘုရားသည် တန်ခိုးကလည်းကြီး၊ သတင်းကလည်း တဟိုးဟိုးကျော် အများကလည်း တိုက်တွန်း "ငါရဲ့" ဇာတိဘုရားလည်းဖြစ်ပြုပြင်ရမှာလည်း ဝါသနာဗဇိကပါပြုပြင်မှန်လည်းကောင်းသည်"ဟု စဉ်းစားရာမှ ဆရာတော်အား"ပြုပြင်ဘို့လည်းသင့်ပြီ၊ အချိန်လည်းတန်ပြီ၊ အရှင်ဘုရားရဲ့ ဆရာတော်တပည့်တကာများလည်း နောက်လိုက်ရှိပါတယ်၊အားမငယ်ပါနှင့်ဘုရား"ဟု ပြန်လျှောက်ထားပါသည်။

မကြာမီကာလမှာဘဲ အထက်ရေပူဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးနှင့်ဗိုလ်မှူးထွန်းအုံ၊ဗိုလ်ကြီးစိန်ဝင်းတို့ အသီးသီးတိုက်တွန်းလျှောက်ထားပြန်သဖြင့် ထိုအခါ ဆရာတော်ဘုရား မနေသာဒါကတကြောင်း၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိဒါကလည်းတဖုံ

ဆိုတော့ မနေ့းအမြန်ငှက်ပျောတောပွဲတော်၌သံဃာတော်ပေါင်း ၂၀၀ကျော်နှင့် တကာများစုံညီရှေ့မှောက်တွင် သံဃာ့အဖွဲ့နှင့် ဂေါပကအဖွဲ့ ၂-ဖွဲ့ အသီးသီးဖွဲ့စည်းအတည်ပြုပြီး ယခုကဲ့သို့ မွန်းမံပြုပြင်၍ ထီးတော်တင်ခဲ့ရပါသည်။

ထိုအချိန်၌မှာပင် ဆရာတော်ဦးပါမောက္ခ ချမှတ်လိုက်သဖြင့် အားလုံးသော အဖွဲ့သားများကလည်း သဘောတူ၍(ယခုပြုပြင်နေဆဲ)ဇာတိမိုးနှိုင်းဘုရားကုန်းကျောင်းတွင် ပထမဦးဆုံးပြန်လည်သီတင်းသုံးခဲ့ရပြန်လေသည်။

ဤတွင် ဘုရားဖူးကြွရောက်လာသည့် ညေ့်ပရိသတ်ဖြစ်ခဲ့သော ရဟန်း,ရှင်, လူ, လူမျိုးကွဲ၊ ဘာသာကွဲများပါ အပေါင်းတို့က "မိုးနှိုင်းဘုရားသည် နာမည်ကလည်း တဟိုးဟိုးကျော်၊ ဘုရား၏ တန်ခိုးတော်ကလည်းကြီး လိုရာကိုဆုတောင်းလျှင်လည်းပြည့်စုံတဲ့ ဘုရားဆိုတော့ အဝေးမှ သတင်းမွှေးများကြားရလို့ ယခုကဲ့သို့ လာရောက်ဖူးမျှော်ရသည့် အခိုက်အတန့်မှာ အဘယ်မည်သော ဥပနာခေတ်များပါ၍ မည်သည့်အချိန်မည်သူတည်ခဲ့သည်များကို ဘုရားတပည့်တော် တပည့်တော်မတို့အား ကြားသိနာလိုပါသဖြင့် အရှင်ဘုရားလင်းပြ ပေး သ နာ းတော် မူ ပါ ဘုရား"ဟု လျှောက်ထားသောအခါ အတိအလင်းပြောမပြနိုင်ဘဲ ဖြစ်နေရပါသည်။

တဖန်ညေ့်ပရိသတ်များကလည်း "သမိုင်းမရ ရအောင် ကြိုးစားရှာပါဘုရား"ဟု အများက လျှောက်ထားတိုက်တွန်းသဖြင့် ဦးပဥ္စင်းမှာ ၃-နှစ်အတွင်း လိုက်လံ စုံစမ်းရာ၌ "အပေါင်ဂိုဏ်းချုပ် အစိုးရတံဆိပ်တော်ရ ဆရာတော်ဘုရားကြီး မပြန်လွန်တော်မူမီက မိုးနှိုင်းဘုရားသမိုင်းရှိကြောင်း(စာအုပ်လား၊ ပေစာလားတော့ မသိခဲ့ရပေ) ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်

ပိုင်း၌ ကျန်ရစ်သော ပေဟောင်း စာဟောင်းများ သိမ်းဆီးသူ မရှိသဖြင့် ပျောက်ကုန်သွားသည်”ဟုသာ ကြားရတော့၏။တဖန် သက်ကြီးဝါကြီးများထံမှ မေးမြန်းစုံစမ်းပြန်ရာတယောက်တခွန်း တပါဒဆင့်လာတော့(ပန်းသတင်း လေညှင်းဆောင်၊ လူလူခြင်း လူခြင်းဆောင်)ဆိုသကဲ့သို့ အစအနများ ကြားရလေတော့၏။

အပေါင်ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးရှိစဉ်အခါက ပြော ပြ၍ကြားရာမှ တဆင့်ပြီးတဆင့် ယခုလို ဤသမိုင်း စာအုပ်ကို သိရမှတ်ရသလောက်နှင့် ပြန်လည် စီစဉ်ရေးသားရခြင်း ဖြစ်ပေ သည်။

ဤသမိုင်းကိုရေးသားရခြင်းသည် ဘုရားဖူး ဧည့်ပရိသတ်နှင့် ဆရာတော် သံဃာတော် ဘုရားတကာကြီးများတို့ကလည်း အ ကြိမ်ကြိမ် အလီလီ တိုက်တွန်း လျှောက်ထား တောင်းပန်သဖြင့် ယခုလို ဦးပဥ္စင်းမှာ မိမိအကျိုး အများအကျိုးကို မျှော်ကိုး၍ အပ္ပသန္နာနံ့ဝါ ပသာဒါယ ပသန္နာနံဝါ ဘိယျောဘာဝါယ ပါဠိတော်ပြသည့် အတိုင်း မြတ်စွာ ဘုရား သာသနာတော်ကို မကြည်ညိုသေးသောသူတို့ ကြည်ညိုသက်ဝင်စေခြင်း၊ ကြည်ညို ပြီးသောသူတို့ အထူးသဖြင့် ကြည်ညိုသက်ဝင်ကာပွားများလာ နိုင်စေခြင်းငှါ အပင်ပန်းခံလျက်ရေးသားရခြင်းဖြစ်လေတော့၏။

မှတ်ချက်။ ။ယခုရေးသားထုတ်ဝေတဲ့သမိုင်းသည်(ရာဇဝင် ထူပဝင်စာအုပ်)များ၌ တွေ့ရှိခြင်းမဟုတ်ပေ။ ဘိုးဘွား ဘီဘင် ဆိုသည့် သက်ကြီးဝါကြီးများမှ တဆင့်ပြီးတဆင့် ကြားသိရလို့ ရေးသားရခြင်းဖြစ်သည်ကို ဆရာတော်များနှင့် အဖွဲ့သားများ အား လျှောက်ထားပြသပြီးလျှင် တည်းဖြတ်ပုံနှိပ်ထုတ်ဝေလိုက် ရခြင်းဖြစ်ပါကြောင်း။

တောင်းပန်ချက်။ ။စာရှုသူများ ဤစာအုပ်တွင် အမှား

အမှန်များကိုရေးသူအာဘော်ဝန်ချလျက် ခွင့်ပြုကြပါရန်မေတ္တာ ရပ်ခံပါသည်။

## ပဏာမ

နမော တဿ ဘဂဝတော-အရဟတော-သမ္မာသမ္ဗုဒ္ဓဿ။

ဆုတောင်းပြည့် ဆံတော်ရှင် မိုးနိုင်းစေတီတော်မြတ်ကြီးကို လာရောက်ဖူးမျှော်ကြည်ညိုကြသော ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းတို့ ရှေးဟောင်းဖြစ်ရပ် မိုးနိုင်းစေတီတော်၏ အဋ္ဌုပ္ပတ်ကို သိမှတ်ရလျှင် နိဒါန်း၌ ပြဆိုထားသည့်အတိုင်း ပိုမို၍သဒ္ဓါ တရားတိုးပွားကြမည်ကို ယုံကြည်သဖြင့် "စေတီယဝံသကထာ" မည်သော ဤမိုးနိုင်းဆံတော်ရှင် စေတီတော်သမိုင်းကိုအကျဉ်း အားဖြင့် ရေးသားပူဇော်ပါအံ့။

## မိုးနိုင်းစေတီ ဘယ်ရပ်ပြည်

မိုးနိုင်းဆံတော်ရှင် စေတီတော် မြတ်ကြီးသည် အဘယ်ရပ် ဌာနီ၌ တည်ရှိသည်ကို ဖော်ပြရသော်....

ကော်သူးလေ ပြည်နယ် ဘားအံမြို့ အရှေ့ဖက် ၂၄-မိုင်ကွာ အရပ်တွင် လှိုင်းဘွဲ့မြို့တည်ရှိ၏။ ၎င်းလှိုင်းဘွဲ့မြို့မှ အရှေ့ဖက် ၁၅ မိုင် အကွာ၌ အောက်ပိုင်ကျုံရွာနှင့် အထက်ပိုင်ကျုံရွာကြီး များတည်ရှိကြ၏။ ၎င်းဒိုင်းဂျိုင်းချောင်းနှင့် အထက် ပိုင်ကျုံ ချောင်း ၂ ချက်တို့၏ အကြား၌ မိုးနိုင်းရွာဟူ၍ တည်ရှိလေ သည်။ ၎င်းမိုးနိုင်းရွာ၏ တောင်ဖက် တောင်ရိုး တောင်စွန်း၌ ယခုဖော်ပြလတ္တံ့သော ဆုတောင်းပြည့် မိုးနိုင်းစေတီတော်မြတ် ကြီးသည် အရှေ့ဖက် ၆ မိုင်ကွာ အရပ်၌ ညို့ညို့ မှိုင်းမှိုင်း အုပ်ဆိုင်းဝေမှောင်သည့် ဒေါနတ်တောင်တန်းကြီးနှင့်အလောင်း တော်ဆင်မင်း ကျောက်ဆင်တောင်ကိုပါ နောက်ခံသဖွယ်ပြုကာ

ကြည့်ရှုဖူးမျှော်သူတို့၏ စိတ်နှလုံးကို ယူကြုံး နှစ်သက် စေလျက် သပ္ပါယ်စွာ တည်တော်မူလေသည်။

မိုးနိုင်းစေတီတော်မြတ်ကြီး ရပ်တည်ရာဌာနမှာလည်းသဘာဝ စိမ့်ခမ်းတို့ဖြင့် စိမ်းလန်းစိုပြေသော မိုးနိုင်းတောင်ရိုးကလေးပင် ဖြစ်၍ ထိုတောင်နှင့် တဆက်တည်းတည်နေသော မြောက်ဖက် တောင်ရိုး၌လည်း (ဒ်ပရောင်စေတီ, နန်းလှန်းစေတီ, ဝင်းကျိုက် စေတီ)တောင်ဖက်ချောင်းတဘက်ကမ်း၌လည်း (ဖါနှတ်စေတီ) အစရှိသော စေတီပေါင်းများစွာမှာလည်း ညီနောင်ပမာကဲ့သို့ တည်ရှိလေသဖြင့် ၎င်းစေတီများမှာမူကား ယခုလိုယိုယွင်းပျက် စီးခဲ့ကြလေပြီ။ ထိုစေတီတို့၏ အနီးတဝိုက်၌လည်း မြို့ဟောင်း, ကျောင်းဟောင်း ်မြို့ရိုးအမျိုးမျိုးသော မြို့တော် အဆောက်ဦး ရာတို့လည်း ယခုထက်တိုင် တွေ့ရှိရပေသေးသည်။

## တမူထူးခြားမြတ်ဘုရား

မိုးနိုင်းစေတီတော်အနီး ၄-၅-မိုင်အတွင်းမှာ ဘုရား၏တန်ခိုး တော်အဟုန်ကြောင့် လူရောတိရစ္ဆာန်နှင့်သီးနှံမြေသြဇာကအစ အခြားအရပ်နှင့်မတူဘဲ တမူထူးခြား၍ ပဒေသာပင်ကဲ့သို့ဝန်းရန် လျက်တည်ရှိနေပါသည်။

ထူးခြားပုံကား....စေတီနယ်ပယ် အတွင်းမှာ မှီတင်းနေထိုင် ကြသော အမျိုးသားများသည်ရိုးသားဖြောင့်မတ်ကောင်းသော အကျင့်စာရိတ္တ အသက်မွေးဝမ်းကြောင်းများရှိကြပြီးလျှင် စေတ နာ သဒ္ဓါဗလငနှင့်ရတနာသုံးပါးအား ယုံကြည်ကြသူတိုင်းသာ ဖြစ်ကြသည်။

မြေသြဇာမှာမူကား....ကုန်းမြင့်၌လည်း တမျိုး၊ မြေပြန့်မှာ လည်းတဖုံ၊ မြေနိမ့်ရာလည်းတမူ တောင်ယာ, လယ်ယာ, ကိုင်း, ဥယျာဉ်စိုက်ပျိုးရာ၌ အုံး, တညင်း,သရက်, ဒူးရင်း, ပိန်, သြဇာ,

ကွမ်း၊ ရှောက်၊ သမ္ဘာရာ၊ ပြောင်း၊ စပါး၊ နှမ်း၊ မြေပဲ၊ ကြံ၊ ဆေး၊ ငြုပ်၊ ပဲ၊ အဉ၊ အညွန့်၊ ကအစ သစ်သီးဝါလံပင်များ အမျိုးမျိုးစိုက်ပျိုး ထူထောင်၍ အလွန်ကောင်းသော အရပ် ဒေသ ဖြစ်ပါသည်။ စေတီ၏ အနီးတောင်ဖက်၌ အထက်ပိုင်ကျုံမည်သော ဗုဒ္ဓ ဘာသာရွာကြီးမှာ ချောင်းနားတလျှောက် အိမ်များဆောက်နေကြ ပါသည်။ ၎င်းရွာတွင်းမှာ သာယာအေးမြစိုပြေလှသော အရိပ် အာဝါသသည် တရွာလုံးမှာပင် ဥယျာဉ်တည်ထားခြင်းဖြစ်သည် သာတည်း။

၎င်း၏ရွာ ဥယျာဉ်တွင် ချိုချင် ဖန်ခါး သီးနှံမျိုးစုံ မွှေး ယနံ့ ချိုအေး မယ်ထွေးလေး လှူရစ် လူတိုင်းချစ်သည့် နတ် ဘိဿဇာ ဒူး ရင်း သီး များ လည်း လှိုင် ကြူး လျက် ရှိခဲ့ ပါ သည်။ ၎င်းအထက် ပိုင်ကျုံရွာမှ ရွာသူ ရွာသားများသည်။ ဘုရားဖူးကြွရောက်ကြသော ရဟန်း၊ ရှင်၊ လူ၊ ဧည့်ပရိသတ်များကို ထမင်း၊ ဆေး၊ ကွမ်း၊ လဘက်များနှင့် နှစ်တိုင်း ဧည့်ခံကျွေးမွေး လှူဒါန်းကြလေသည်သာမက ကရင် မလေ့ အော်ပွဲ သီချင်း များကိုပါ ရှင်ပျော် သိုက်မြိုက်စွာနှင့် ဧည့်ခံကြပါသေးသည်။ အနီးအနားမှာရှိသောကျေးရွာများတွင်လည်း အချို့တည်းခိုကြ သဖြင့် ထိုက်သင့်အားလျော်ထိုနည်းတူစွာ ဧည့်ခံလှူဒါန်းကြပါ သေးသည်၊၎င်းကြွရောက်လာကြသောရဟန်း၊ ရှင်၊ လူ၊ ဧည့်ပရိသတ် ထောင်ပေါင်းများစွာသည်မစားမသောက်ရဘဲပြန်သွားရမည် ကို တကြိမ်တခါမျှမရှိခဲ့ပါ၊ အလှူရှင်များသည် ဘုရား၏ တန်ခိုး အရိပ်တော်ကို ခိုလှုံရသောကြောင့် မျှန်သူမျိုးငါးပါးမှကင်းလွတ် လျက် အေးချမ်းသာယာ ရှင်လန်းစွာနှင့် မှီတင်းနေထိုင်လာခဲ့ ရသည်မှာ တမူထူးခြား မိုးနိုင်းဘုရား တန်ခိုးတော်ပင်တည်း။

၎င်းစေတီတောင်ခြေ၌တည်ရှိနေသောရွာသည်မိုးနိုင်းဘုရား

ကိုအစွဲပြုလျက်(မိုးနိုင်းရွာ)ဟူ၍ ခေါ်တွင်ကြလေသည်။ မိုးနိုင်းရွာမှ ဘာသာကွဲများပင် မိုးနိုင်းဘုရားပွဲပြင်ရာ၌ သဒ္ဓါစေတနာနှင့် ဝတ္ထုဒါနမျှားပါ လှူဒါန်းကြပါသည်။

ထို့ပြင် ဗုဒ္ဓဘာသာ၏ မလေ့ထုံးစံကို ရိုင်းစိုင်းခြင်း မရှိ အကျွမ်းပင် လိမ္မာယဉ်ကျေးစွာနှင့် လေးစားသူများသာ တွေ့မြင်ရပါသည်။ဒါလည်းဘုရား၏တန်ခိုးတော်ကြောင့်တမူထူးခြား မိုးနိုင်းဘုရားဟုဆိုလျှင် မှားမည်မဟုတ်ပါ ဆိုသင့်ပါသည်။

## မိုးနိုင်းစေတီဘယ်သူတည်

မိုးနိုင်းဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အဋ္ဌုပ္ပတ္တိသမိုင်း အချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အရဟံအစ ဘဂဝါအဆုံးရှိသော ၉ ပါးသောဂုဏ်တော်တို့ နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား သခင်သည် အယုဇ္ဈယမြို့ (ယိုးဒယားပြည်)သို့ ဒေသစာရီ ကြွချီတော်မူသောအခါရသေ့ ညီနောင်သုံးပါးသည် အလိုဆန္ဒ တူကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားခြေရင်းတော်၌ ဆည်းကပ်တော်မူပြီးလျှင် ဤသို့ ရှိခိုး လျှောက်ထား တောင်းပန်တော်မူလေ၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကမ္ဘာပေါ်တွင် ရှိနေကြကုန်သော သတ္တဝါတို့သည် ပစ္စုပ္ပန်အကျိုး သံသရာအကျိုး ၂-ပါးဖြစ်စေခြင်းငှာ မြတ်စွာဘုရား၏ ကိုယ်တော်နှင့် စပ်သော ပူဇော်အပ်သော ပူဇနိယ ဝတ္ထုတော် ထားသင့်ပါ၏ ဘုရား၊ မဟာသမုဒ္ဒရာ၏ အဆုံးဖြစ်သော အရပ်များ၌ လူတို့သည် များစွာနေထိုင်ကြကုန်၏။ ထိုလူတို့အား သနားတော် မူသဖြင့် ပူဇော်အပ်သော ပူဇနိယဝတ္ထုတော်ကို ပေးခြင်းငှာ သင့်ပါ၏ ဘုရား" ဟု လျှောက်ထား တောင်းပန်လေ၏။

မြတ်စွာဘုရားသည် ရသေ့ညီနောင်သုံးပါး၏ လျှောက်ထား

သောစကားကို ကြားတော်မူသောအခါ မဟာဂရုဏာတော်ဖြစ်၍ လူတို့အား အကျိုးစီးပွားကို ပြုခြင်းအကျိုးငှာ လကျ်ာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူသည်ရှိသော် ပိတုံးရောင်ကဲ့သို့ညိုမောင်းသော ရောင်တော်တို့ဖြင့် ထွန်းတောက်ပကုန်သော ကေသာ ဆံတော်ခြောက်တို့သည် မြတ်စွာဘုရား၏လက်တော်၌ ရောက်လာကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဆံတော်တို့ကို ရသေ့ညီနောင်သုံးပါးတို့အား ပေးသနားတော်မူခဲ့လေ၏။

ထိုအခါ ရသေ့ညီနောင် သုံးပါးတို့သည် ရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မိမိဦးခေါင်းဖြင့်သာ ခံယူတော်မူကြကုန်၏။

ရသေ့ညီနောင်သုံးပါးလည်း ကေသာ ဆံတော်ခြောက်တို့ကို ရကြကုန်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာစွာနှင့် မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီးလျှင် ကေသာ ဆံတော်ခြောက်များကို ယူ၍ စေတီ တည်ထားရန် ကြံစည်တိုင်ပင်ကြလေ၏။

"ကေသာဆံတော်ခြောက်များကို အလောင်းတော် ဆင်မင်းနတ်ရွာစံ၍ ကျောက်ဖြစ်ခဲ့လေသော ရုပ်ကလဆင်တောင်(ဝါ) ကျောက်ဆင်တောင်ရှိရာ ဒေါနတ်တောင်တန်းကြီး၏ အနောက်ဘက် မနီးမဝေးသော တောင်ရိုးစွန်းလေးအရပ်၌ တည်ထားကိုးကွယ်ရလျှင် မကောင်းပေဘူးလား" ဟု အငယ်ဆုံး ရသေ့တပါးကပြောရာ အားလုံး သဘောတူကြသဖြင့် ကျောက်ဆင်တောင်ရှိရာ ဒေါနတ်တောင်ခြေသို့ ကြွရောက် သီတင်းသုံး စံနေတော်မူကြစဉ်....

သိမှတ်ချက်။ ။(ရုပ်ကလဆင်တောင်(ဝါ) ကျောက်ဆင်တောင်ဟူသည်ကား အလောင်းတော်ဆင်မင်းသည် နတ်ရွာစံ၍

ကျန်ရစ်သော ရုပ်ကလတော်ကို ကျောက်ဖြစ်သွားသဖြင့် ၎င်းကျောက်သည် ဆင်ရုပ်ပကတိ ထင်နေသည်ကို ရှေးအခါကသာ ထင်သည်မဟုတ် ယခုထက်တိုင် တွေ့မြင်ရပါသေးသည်။ ဤကျောက်ကို ရုပ်ကလဆင်တောင် (ဝါ) ကျောက်ဆင်တောင် ဟူ၍လည်း ခေါ်ကြသေးသည်။ ကျင်ရာတော် ကလားမနှင့် ခွေးတို့လည်း ထို့အတူ ကျောက်ဖြစ်သွားရရှာလေသည်။)

ဒေဝစ္ဆရာနတ်သမီး ၇-ဖေါ်သည် ရသေ့ညီနောင်သုံးပါး ဘုရားတည်ရန် အခက်အခဲဖြစ်နေကြသည်ကို အသိပင်ဖြစ်၍ သဒ္ဒါဇောနှင့် လာရောက်ဝတ်ပြုကြကာ ဘုရားတည်ရန် ဆံတော်မြတ်ကို အသီးအသီး အသနားခံ တောင်းပန်လျှောက်ထားလေသည်။

ရသေ့ညီနောင်သုံးပါးလည်း မိမိတို့ပြုလုပ်မည့် တာဝန်ကို ကူညီဆောင်ရွက်ခြင်းဖြစ်သဖြင့် ဝမ်းမြောက် ဝမ်းသာစွာပင် ဆံတော်မြတ်ကို ပေးသနားလိုက်ကြ၏။

ဒေဝစ္ဆရာနတ်သမီး ၇-ဖေါ်လည်း ဆံတော်မြတ်ကို အသီးသီး ခွဲယူကြပြီးလျှင် ရသေ့ညီနောင်များ ညွှန်ပြသည့်အတိုင်း မိုးနိုင်းစေတီတော်ကို ဗဟိုလ်ပြုလျက် တဦးနှင့်တဦး နတ်မျက်စိမြင်နိုင်လောက်သည့် ဝေးကွာသောနေရာတို့၌ အပြိုင်အဆိုင် ဘုရားများ တည်ကြလေသည်။

နတ်သမီး ၇-ဖေါ်သည် ညီမအငယ်ဆုံးကို(နောင်ဒါးဘိုခေါ် မယ်ထွေး)ဟုခေါ်တွင်လေသည်။ နောင်ဒါးဘို ခေါ် မယ်ထွေး လေးကား ယခုမိုးနိုင်းဘုရားကိုတည်သူ ဘုရား အမကလေး ဖြစ်လေသည်။ နတ်သမီး ၇-ဖေါ် ဘုရားအပြိုင် တည်ကြရာတွင် ဘုရားပြီးလျှင် မီးထွန်း၍ အချက်ပေးစတန်းဟု ကတိထားကြ၏။ အမကြီးများသည် မိမိတို့ဘုရားများ ပြီးကြသည်နှင့်တပြိုင်နက် မီးညှိထွန်းကြလေ၏။

ထိုအခါမှာပင် ညီမငယ်နောင်ဒါးဘိုခေါ် မယ်ထွေးလေးကား ဘုရားပြီးရုံသာရှိသေး၏။ ထီးတော် မတင်ရသေးချေ။ သို့ရာတွင် ကတိအတိုင်း အချက်ပေးမီးကိုမြင်ရသည်နှင့်တပြိုင်နက် အစ်မများနှင့်အတူ လိုက်ပါသွားရသဖြင့် မိုးနိုင်းဘုရားမှာ ထီးတော် မတင်ရဘဲ ရှိခဲ့လေ၏။

သို့ပေမဲ့ နောင်ဒါးဘိုခေါ် မယ်ထွေးလေး ခမျာမှာ စေတီလေးကို ထီးတော်မတင်ရဘဲ နတ်ဘုံနတ်နန်းသို့မြန်းသွားရမည်ကို အလွန်ဝမ်းနည်း ကြည်ကွဲလှစွာ အချိန် အတော်ကြာသည့်တိုင်အောင် မိမိဆံတော်ရှင် မြတ်စေတီလေးကို ကန်တော့ဝတ်ထွား၍ ကြည်ညိုလို့ မဝနိုင်ဘဲ ပီတိဟာဒယဖြစ်လျက် ကြည့်ရင်း ကြည့်ရင်း မျိုသိတ်လို့မရနိုင်ဘဲ မျက်ရည်ဝဲ တသဲသဲ ရှာသွန်းရရှာလေတော့၏။

ထိုအခါမှာပင် သူ့ရဲ့အစ်မကြီးများမသိလိုက်ရှာပေ။ သိသာ သိလိုက်မယ်ဆိုလျှင် ဘယ်လောက်ကြည်ကွဲမှု ဖြစ်သွားကြမှာကို တွေးစရာလေးတခုတော့ ဖြစ်ကြမှာ မလွဲပေ။

နောက်ဆုံး နောင်ဒါးဘိုခေါ် မယ်ထွေးလေးသည် အတွေးတော်ပြန့် စေတနာသန့်လာသဖြင့် ပန်းမြတ်မဥ္ဇူ-မွှေးယနံ့ကြူတလူလူကိုင်-နတ်ဘုံတိုင်သင်း- ဘောဇဉ်ခင်းကျင်း- မီးလျှံခြင်းသာ-ထိန်ချာဝင်းလျှ-ပြောပလောက်အောင် နှလုံးဆွတ်၍ အစွမ်းကုန်လှူဒါန်းပူဇော်ကာ ဆုမွန်ကောင်း တောင်းပြီးလျှင် ပြန်ဘို့အရေး သတိရလာသဖြင့် မနေသာတော့ဘဲ မရှင်သောစိတ်နှင့် ဆရာတော် ရသေ့ညီနောင်သုံးပါး ခြေရင်းတော်၌ နောက်ဆုံးကန်တော့ပန်ဆင် လျှောက်တင်ပူခါ ရင်ထုမနာ ဝမ်းနည်းစွာနှင့် ဆံတော်ရှင်မြတ် ဘုရားလေးကို သုံးပတ်ပြည့်အောင် လကျာရစ်ပြီး တရွေ့ရွေ့နှင့် လှမ်းခါလှည့်ခါမြင်ရာ နှလုံးမသာ တွေး

တွေးပြီး ပါးမို့မို့လေး နှစ်သွယ်ပေါ်၌ ပသာဒစက္ခု ရေကြည်လေးများ တလုံးခြင်း စီးလှိမ့်ကျလာရင်း တဖြေးဖြေးနှင့် တိမ်တိုက် တိမ်လွှာကြားမှ ပျောက်ကွယ်မလှပျောက်ကွယ်၍ နတ်ဘုံနတ်နန်းသို့ စံမြန်းခါ ရောက်ရလေတော့၏။

ဆရာတော် ရသေ့ညီနောင်သုံးပါးနှင့်ဒါယိကာမနောင်ဒါးဘိုခေါ် နတ်မယ်ထွေးလေးတို့သည် ဘုရားတည်ကြရာ၌ ထီးတော်တင်ရေး အောင်မြင်မှုကို နောင်ဒါးဘိုခေါ် မယ်ထွေးလေးအား အားထားခြင်းမျှသာ ဖြစ်ခဲ့လေသည်။ မကြာမီ ဘုရား တည်ရန်ပြီးရုံသာဘဲ ရှိသေးသည့်အခိုက်မှာပင် နောင်ဒါးဘိုခေါ် မယ်ထွေးလေးသည် ထီးတော်မတင်ရသေးဘဲ ဆရာတော်ရသေ့ခြေရင်းတော်မှ ဦးသုံးကြိမ်ချကာ ထွက်ခွာ၍ နတ်ဘုံနတ်နန်းသို့ မြန်းသွားလေတော့၏။

ရသေ့ညီနောင် သုံးပါးသည် ယခင်ကသော ဆံတော်ဓာတ်ပေးစဉ် အခါကာလ၌ ဒေါနတ် တောင်ခြေ တလျှောက်တွင် အမှောင်ပယ်ခွင်းသော ဘုရားရှင် ကိုယ်တော်တိုင်ပမာ ပွင့်တော့မည့် သာသနာ့အရောင် ထိန်ပြောင်၍ နီးဝေးကျော်ရပ်ပြန့်နှံ့၍ မဟာဓမ္မဒါန အလှူတော်ကြီးဖြစ်လာတော့မည်။ ဝါအောင်မြင်လာတော့မည်ဟု ဝမ်းမြောက် ဝမ်းသာစွာနှင့် ဆံတော်ကို ဒါယိကာမ နောင်ဒါးဘိုခေါ် မယ်ထွေးလေးအား ပေးသနားခဲ့ရခြင်းဖြစ်သည်။

ထိုနောက် ရသေ့ညီနောင်သုံးပါးသည် စိတ်ဓာတ် လျော့ပါးခြင်းမရှိဘဲ အတွေးတော်များ မချမ်းမြေ့သည့် တိုင်အောင်ထီးတော်တင်ရေးအတွက် ကာလကြာညောင်းစွာပင် အလှူခံပုဂ္ဂိုလ်မြတ်ကြီးများကို ရှာဖွေကြွမြန်းရလေတော့သတည်း။

ယင်းသို့ ဒေဝစ္ဆရာခေါ် နတ်မိမေ်သည် တည်ထားကိုးကွယ်

ခဲ့သော ဘုရားဖြစ်သဖြင့် ရှေးအခါက ကရင်ဘာသာဖြင့်.... မူးနတ်(သို့မဟုတ်) ကလွန်မူးနာတ် (ကလွန် = စေတီ, မူး = မိမှ, နာတ် = နတ်) နတ်သမီးစေတီဟု ခေါ်တွင်လာခဲ့ကြသည်ဟု ရှေးလူကြီးများတို့ ဆိုရိုးရှိခဲ့လေသည်။ ယခုခေတ်မှာလည်း (ကလွန်မူးနတ်)ဟု တွင်လေခဲ့သေးသည်။

တနည်းအားဖြင့် ညီအစ်မခုနစ်ဖော်တို့ စေတီတည်ရာတွင် မီးဖြင့် အချက်ပေးကြသည်ကိုစွဲ၍ ကရင်ဘာသာဖြင့်....

မေးနဲ(မေး = မီး, နဲ = ညွှန်ပြသည်) မီးပြဘုရား ဟူသော စကားမှ (မေးနဲ-မေးနိုင်း) (မူးနိုင်း-မိုးနိုင်း) ဘုရားဖြစ်လာသည်ဟုလည်း အဆိုရှိလေသည်။

## သိမှတ်ရန် ဌာပနာများ

မိုးနိုင်းဆံတော်ရှင် အမည်တွင်သော ဥဒ္ဒိဿစေတီတော်၏ အတွင်း၌ ကေသာဆံတော်ခဓာတ် အစစ်အမှန် ဌာပနာများ သွတ်သွင်း လှူဒါန်းထားပါသည်။ ၎င်းကာလမှာ ဘုရားအမ နေခင်ဒါးဘိုခေါ် မယ်ထွေးလေးသည်သဒ္ဓါကြည်ဖြူမနော့ဆူ၍ ရွှေအိုး-ငွေအိုးရော အဘိုးတန် ကျောက်မြတ် ရတနာများကိုပါ ၃၅-တောင်နက်သော လိုင်ခေါင်းတူးဖော်၍ တည်ခင်းဆင်မြန်း လှူဒါန်းခဲ့လေသည်။

## အံ့ဘွယ်ထူးလည် မြတ်စေတီ

ဆုတောင်းပြည့် ဆံတော်ရှင် မိုးနိုင်းစေတီတော် မြတ်ကြီးကား သတ္တဝါတို့၏ ကိုးကွယ်ရာ လွန်စွာ အံ့ဘွယ်ကောင်းသော စေတီတော်မြတ်ကြီးဖြစ်ပေ၏။

စေတီတော်မြတ်ကြီး၏ အနီးရှိ ရွာကြီးရွာငယ် အားလုံးသည် ခေတ်ပြောင်းခေတ်လဲ အမျိုးမျိုးနှင့် ကြုံတွေ့ ခဲ့ရသော်လည်း

မိုးနိုင်းဘုရားကြီး၏ ဘုန်းတန်ခိုး အရိပ်တော်ကို ခိုလှုံခဲ့ကြရသဖြင့် မည်သည့် စစ်ဘေးအန္တရာယ်မျှ မကျရောက် မကြုံတွေ့ကြရသည့် အပြင် မီးဘေး, ရေဘေး, ခိုးသား,ဓါးပြ, ဘေး စသည့် ဘေး အမျိုးမျိုးတို့မှ လွတ်ကင်း ချမ်းသာခဲ့ကြရပေသည်။

ဎင်းပြင် မိုးနိုင်းစေတီတော်မြတ်ကြီး၌ ကုသိုလ်ရေး စီးပွား ရေးစသည့် အကြံအစည်တို့ကို အောင်မြင်မည် မအောင်မြင်မည် ဟု သိရှိလိုပါလျှင် သစ္စာအဓိဋ္ဌာန်ပြုရ၏။

ပြုပုံကား....ဘုရားငတ်မပြုမီ ဝါးချမ်း နှီးချမ်း စသည်ဖြင့် ရရာတခုခုကို လက်နှင့်တောင်၍ ဎင်းဝါးချမ်း လက်တောင်ကို လက် ကန်တော့ပန်းဆင်ကာ ဆုတောင်းသစ္စာ အဓိဋ္ဌာန်ပြုပြီး ဘုရားပေါ် ကပ်လှူ ဘုရားကန်တော့ လကျ်ာရစ်ပြီးနောက် ပြန် လည်ဦးချပ်ပြီးလျှင် ဎင်းလက်တောင် ဝါးချမ်း နှီးချမ်းကို တောင်၍ ကြည့်ရ၏။ အလုပ်ကိစ္စ သို့မဟုတ် အကြံအစည် အောင် မြင်မည့်သူများမှာ မိမိလက်အတောင် နှီးချမ်းသည် တမတ် ငါးမူး လက်တဆစ်အထိတိုး၍ ရှည်လာဒါကို မြင်ရလိမ့်မည်။

မအောင်မြင်မည့်သူများမှာ မတိုမရှည်ရှိမြဲတိုင်း လက်တောင် အရှည်သာ တွေ့ရပေမည်။ အကယ်၍ ရှေ့လာမည့် အနာဂါတ် ကာလမှာ ကုန်ရှုံးခြင်း၊ ညံ့ခြင်း၊ အကြံအစည် ပျက်ခြင်းသည် ထက် ညံ့သွားပါက တို၍သွားဒါကို တွေ့မြင်ရပါလိမ့်မည်။

အထူးသဖြင့် သားသမီးရတနာ မထွန်းကား သူများသည် သစ္စာအဓိဋ္ဌာန်ပြု၍ သားဆုပန်လျှင် ဆုပန်သူတိုင်း လိုအင်ဆန္ဒ ဆုတောင်း ပြည့်ပြီး သားသမီးရတနာများ ရကြသဖြင့် ဤဘုရား သည် “ဆုတောင်းပြည့် မိုးနိုင်းဘုရား”ဟုပင် ခေါ်တွင် အသမုတ် ခံရလေတော့၏။

အထူးသဖြင့် မောင်နှင့်မယ်တို့သည် ဘုရား ရင်ပြင်ပေါ်၌

၎င်း၊ မည်သည့်အရပ်၌သော်၎င်း၊ မသင့်မတင့်သော ကာယကံမှုများ ကျူးလွန်မိသော် မသန့်ရှင်းသော "မ"တို့၏ ဓမ္မတာအသွင်မျိုး ဖြစ်လာသော မယ်တယောက်သည် မိုးနိုင်းဘုရားကို ဖူးမျှော်ရန် သံဓိဋ္ဌာန်ချ၍ လာရောက်မိခဲ့သော် ၎င်းမောင်မယ် ၂-ဦးစလုံးသော်၎င်း၊ မယ်တယောက်တည်းသော်၎င်း၊ စေတီတော်၏ ရင်ပြင်ပေါ်၌ မဆိုထားဘိ ၎င်း၏ နယ်ပယ်အတွင်းသို့ ရောက်လာသည်နှင့် တပြိုင်တည်း ၎င်းနိမိတ်တမျိုးမျိုး ဖြစ်လာရလေ၏။ ၎င်းမောင်မယ်များ ဆက်လက်၍ ဘုရားကုန်းတော်ပေါ်၌ လာရောက်ပါက နတ်များ ပူးဝင်ခြင်း၊ မိုးကြိုးပစ်ခြင်း မိုးကြီး ရွာသွန်းခြင်းစသော အတိတ်နိမိတ်များ ထင်ရှားလာအောင် ပြလေ၏။ အကယ်၍ မောင်မယ်များသည် မိမိတို့ ကျူးလွန်မိခဲ့သော ကာယကံမှုများကို ထုတ်ဖေါ်ဝန်ခံလျှင် အထက်ဖေါ်ပြပါ အတိတ်နိမိတ်များ ချက်ခြင်း ပျောက်ကွယ် သွားလေသည်။

အကယ်၍ ထုတ်ဖေါ် ဝန်မခံလျှင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုရားစောင့် နတ်များ မကြိုက် မနှစ်သက်သဖြင့် အတိဒုက္ခများ ရောက်ကြရလေ၏။

သိမှတ်ချက်။ ။(ယခုအထက်ပါ ဖေါ်ပြခဲ့သော ထူးခြားချက် အံ့ဘွယ်များကို စာရေးသူ၏ အာဘော် ထွင်ရေး၍ ထည့်သွင်းခြင်းသည် မဟုတ်ပေ၊ လွန်လေသော အတိတ်ကာလက အတိဒုက္ခ ကြုံတွေ့ခံခဲ့ရသော ဘုရားဖူးဧည့်သည်များ ရှိခဲ့လေသဖြင့် ယခုကဲ့သို့ ရှေ့ဦးတင်ကြို သတိပေးရခြင်း ဖြစ်သည်ကို အများပင် အသိဖြစ်၏။)

## တန်ခိုးကြွယ်ဘိ အများသိ

ဒေဝဏ္ဏရာနတ်မယ်ထွေးတည်ထားသည့် ဆံတော်ရှင်ဆုတောင်း

ပြည့် စေတီတော်မြတ်ကြီးသည် နီလ-ပီတ စသော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကွန့်မြူးတော်မူသည်ကိုလည်း တနှစ်လျှင် တကြိမ်ထက်မနည်း မကြာခဏ ဖူးမျှော် တွေ့ကြရလေသည်။

တခါတရံ တနှစ်လျှင် ၃-၄ ကြိမ်အထိ ရောင်ခြည်တော် ကွန့်မြူးတော်မူသည်ကိုလည်း ဖူးမျှော်တွေ့ခဲ့ကြရသေးသည်။ ဤမျှတန်ခိုးကြီးလျက်နှင့် ထီးတော် မတင်ကြဘဲ နှောင်ဒါးဘိုခေါ်မယ်ထွေးလေးတည်ထားသည့်အတိုင်း ရှေးဒါယကာ၊ဒါယိကာမများတို့က ကိုးကွယ်နေလာခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ပေါင်းများစွာတည်နေရပါသည်။

မိုးနိုင်းစေတီတော်၏ ကေသဆံတော်ဓာတ်သည် ဗုဒ္ဓရှင်တော်ဘုရား(၇)ဝါမြောက် မဇ္ဈိမဒေသမှအရှေ့ဖက်သို့ဒေသစာရီကြွချီတော်မူရာအပြန်ခရီးတွင်သရဏဂုဏ်တည်မည့်ဝေနေယျသတ္တဝါများကိုမြင်တော်မူ၍ ယခုမိုးနိုင်းဘုရားတည်ရာ ရသေ့ ညီနောင်သုံးပါးတို့ နေထိုင်ရာအရပ်သို့ကရုဏာတော်ရှေ့ထား၍ကြွရောက်တော်မူလာခဲ့သည်။ ထိုအခါ ရသေ့ညီနောင် သုံးပါးတို့သည်ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ကိုပြုပြီး မိမိတို့ တတ်စွမ်းသမျှဘုရားရှင်အား လှူဒါန်း၍တရားတော်ကို နာကြားပြီးသည့် အဆုံး၌ သရဏဂုဏ်တည်ကြလေ၏။ တရားတော်ကို နာပြီးသည့်အဆုံး၌ အသက်ထက်ဆုံး ကိုးကွယ်ရန်ပူဇနိယဝတ္ထုကို တောင်းပန်ကြရာ ဘုရားရှင်က ရသေ့သုံးပါးအား ထာဝစဉ်ကိုးကွယ်ရန်လက်ျာတော်လက်ဖြင့် မဏီဦးခေါင်းတော်ကို သုံးသပ်တော်မူလိုက်သောအခါ လက်တော်၌ပါလာသော ဆံတော်ဓာတ်(၇)ဆူကို ရသေ့တို့အား ပေးသနားတော်မူခဲ့၏။

ရသေ့ ညီနောင် သုံးပါးသည် စည်းဝေး တိုင်ပင်ကြပြီးလျှင်

သဘောတူညီမှုရရှိပြီးစေတီ၌ ဌာပနာပြုထား၍ကိုးကွယ်လာကြရာ နှစ်ပေါင်း ကြာညောင်းလာသော် ပျက်စီးယိုယွင်း၍ တောကြီး မျက်မဲဖြစ်ခဲ့ရပြန်လေသည်။

ထို့နောက် ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် နှစ်ပေါင်း(၂၃၅)နှစ် တန်ဆောင်မုန်း လပြည့်နေ့သို့ ရောက်သောအခါ သီရိဓမ္မာသောကမင်းလက်ထက် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿအမှူးပြုသော ရဟန္တာအရှင်ကောင်း အရှင် မြတ်တို့(၉) တိုင်း (၉)ဌာန သာသနာပြုစေလွှတ်တော်မူကုန်၏။

အရှင်သောဏထေရ်, ဥတ္တရထေရ် အမှူးပြုသော ရဟန္တာ အရှင်မြတ်တို့သည် သုဝဏ္ဏဘူမိခေါ် သထုံပြည်သို့ကြွရောက်တော် မူလာကြကုန်၏။

ထိုအရှင်သူမြတ်တို့သည် သထုံပြည်၌ သာသနာပြုတော်မူနေ စဉ်တွင် ပျက်စီးယိုယွင်းနေသော ယခု "မိုးနိုင်း" စေတီတော်၌ ဘုရား၏ဆံတော်ရှင်မောတ် ပါရှိကြောင်းထုတ်ဖေါ်၍ညွှန်ပြတော် မူသောကြောင့် တိုင်းသူပြည်သား လူအများတို့ တဖန် ကိုးကွယ် ဆည်းကပ်ပူဇော်ကြရပြန်လေသည်။

သခ်ါရဓမ္မ မလွန်ဆန်နိုင်ကြသဖြင့် အနိစ္စနယ်အတွင်းသို့ ကျဝ ခုန်ဆင်းကြပြန်ရာ (မိုးနိုင်းစေတီ) တော်သည် ဘုရား ငုတ်တို အဖြစ်သို့ တဖန်ရောက်ခဲ့ရပြန်လေသည်။

ထိုသို့ပင် နှစ်ပရိစ္ဆေဒ ပေါင်းများစွာ ကြာညောင်းခဲ့သော် လည်း အရှင်သောဏထေရ်, ဥတ္တရထေရ်တို့က ဆံတော်မောတ်ပါ ရှိကြောင်း ညွှန်ပြတော်မူသည့် အချိန်ကစ၍ လူအများတို့က ဤစေတီတော်၌ ဆံတော်ရှင်မောတ် ကိန်းဝပ်တော်မူကြောင်းကို နှုတ်ဖျားက ထပ်မနား သားအစဉ်မြေးအဆက်ပြောလာခဲ့ကြရာ မြန်မာပြည်ကို အင်္ဂလိပ်လူမျိုးတို့ သိမ်းယူ အုပ်ချုပ်ပြီးနောက်

နှစ်များမကြာမီ ပညာရှိဆရာတော်ကြီး ၄-ပါးတို့သည် "မိုးနိုင်းစေတီ"တော်၌ ကိန်းဝပ်တည်နေတော်မူသော "ကေသဓာတု" ဆံတော်ဓာတ်ကို အထက် မြန်မာပြည်ကို ပင့်ဆောင်တော်မူရန် အကြံအစီနှင့်အောက်မြန်မာပြည်သို့ သာသနာပြုရင်း ကြွရောက်တော်မူလာကြလေသည်။

တနင်္သာရီတိုင်း အရှေ့ဖက် ယခု (ကရင်ပြည်နယ်) ဖေါ်ပြလတ္တံ့သော (မိုးနိုင်းစေတီ)တော်နှင့် မနီးမဝေးသော လှိုင်းဘဲ့၊ ကစိ၊ ပိုင်ကျုံစသော ရွာကျောင်းများတွင် အသီးသီးကြွရောက်၍ သီတင်းသုံး နေထိုင်ခဲ့ကြဘူးလေသည်။

ပညာရှိ ဆရာတော်ကြီးလေးပါးသည်အထက်မြန်မာပြည်တွင် နေစဉ်အခါက နတ်သိမ်းတည်ထားသည့် ကေသဆံတော်ဓာတ်ပါ ရှိကြောင်းကို သိနှင့်ခဲ့လေပြီဖြစ်၍ တနေ့သောအခါ ဆံတော်ဓာတ်ရလိုရငြား တပါးနှင့်တပါး တိုင်ပင်ကြပြီး ဘုရားဖူးရန် ဟန်ဆောင်၍ မိုးနိုင်းစေတီသို့ ကြွရောက်သဖြင့် ဘုရား၏ တည်နေပုံ ယိုယွင်းပျက်စီးပုံနှင့် တူးဖေါ် သင့်မသင့် ရမရသည်ကို အခြေအနေများကြည့်ရှုပြီး ကျောင်းသို့ ပြန်ကြွသွားကြလေ၏။

သိမှတ်ချက်။ ။(ယခုဖေါ်ပြခဲ့သည့် ဆရာတော်ကြီး၄-ပါးသည်အချို့က "ဆရာတော်မဟုတ်နန်းတွင်းဝန်ပညာရှိအမတ်ကြီးများဖြစ်သည်"ဟုအဆိုရှိကြ၏)။

ဆံတော်ဓာတ်သိရခြင်းကား....(မြန်မာပြည်တွင် အရှင်သောဏထေရ်,ဥတ္တရထေရ် ကြွရောက်လာ၍ သာသနာပြုသော အခါမှ ဗုဒ္ဓဘာသာဝင်များ ပြန့်ပွား လာကြသဖြင့် ဘုရား ဓာတ် တော်များရှိရာဌာနများတွင် ဟောပြော ညွှန်ပြ သမိုင်းကျောက်စာ ပေစာစာအုပ်များ ကူးယူရေးခြစ် မှတ်သားခဲ့ကြလေတော့သည်။ ထိုသမိုင်း ပေစာများတွင် မိုးနိုင်းဘုရား၏ ဆံတော်ဓာတ် ပါရှိ

ကြောင်းကို အထက်ပိုင်ကျုံကျောင်းကြီး (ပညာရှိဆရာတော်)မှ တဆင့် အပေါင်ဆရာတော် သိခဲ့ရလေ၏။

ပညာရှိဆရာတော်များသည် ၎င်းရွာကျောင်းများတွင် ဝါ ပေါင်းများစွာ သီတင်းသုံးခဲ့သော်ငြားလည်း ဆံတော်ဓာတ်ကို ဖေါ်ထုတ်ပင့်ယူရန် တကြိမ်တခါမျှ အဆင်မပြေသေးဖြစ်နေခိုက် အပေါင်ဆရာတော်ဘုရားက အထက်ပိုင်ကျုံကျောင်းကြီး(ပညာ ရှိဆရာတော်)အား မိုးနိုင်းဘုရားကို ပြန်လည်ပြုပြင်ရန် တင်ကြို ၍တကြိမ်လျှောက်ထားရုံမျှနှင့် မကြာမီအပေါင်ဆရာတော်ဘုရား နှင့် ဒါယကာ-ဒါယိကာမများကြီးငယ်တို့သည်အုဋ္ဌပါတပါတည်း ဆောင်ကျဉ်းခဲ့ပြီးသည်နှင့်တပြိုင်နက် ပညာရှိ ဆရာတော်အား....

"ဘုရားတပည့်တော် မိုးနိုင်းဘုရား ပြန်လည်ပြုပြင်ရန် ယခု အုဋ္ဌများတောင်ခြေသို့ရောက်နေပါပြီဘုရား" ဟု ထပ်မံ၍ ဒုတိယ အကြိမ်လျှောက်ကြားသောအခါ အထက်ပိုင် ကျုံကျောင်းကြီး ပညာရှိဆရာတော်ဘုရားသည် ဆံတော်ဓာတ်ထုတ်ဖေါ်ပင့်ယူရန် အကြံအောင်မြင်ခြင်းမရှိတော့ဘဲ လက်လျှော့၍ အပေါင်ဆရာ တော် ဘုရားအား (မိုးနိုင်းစေတီတော်၏ သမိုင်း အဋ္ဌုပ္ပတ္တိကို စုံလင်စွာ ဖွင့်ထုတ်ခင်းပြမှသာလျှင် ပညာရှိဆရာတော်လေးပါး အကြံနှင့် ဘုရားသမိုင်းကို ဒုတိယအကြိမ် အပေါင်ဆရာတော် ဘုရားသိခဲ့ရပြန်လေသည်။

ထိုမှတဖန် အပေါင်ဆရာတော်ဘုရား ဦးစီးပြီး မိုးနိုင်း ဘုရား ကိုပြုပြင်၍ ထီးတော်တင်ခဲ့ပါသည်။ နှစ်ပေါင်း ကြာညောင်း လာသောအခါ ၎င်းထီးတော်၌ ကပ်လှူထားသော ရွှေသင်္ကန်း များအရောင်မှေးမှိန်လာသဖြင့် ထပ်မံ ရွှေသင်္ကန်း ကပ်လှူရန် ကစိုကျောင်းသစ်ဆရာတော်ဦးစီးကာ ညှမ်းများဆင်၍ နှီးဖျာ ကျမ်းများနှင့် ဖုံးကာခဲ့ရာမှ အခါမဲ့လေကြီးမိုးကြီး တိုက်ခတ်

တွန်းလှန်သဖြင့် ငှင်းထီးတော် ရပ်တည်၍ မခံမရပ်နိုင်ဘဲ ပြိုကျလာခဲ့ရလေတော့သည်။

တဖန်ထီးတော်သစ်ကို တင်လှူပြန်သော်ငြားလည်း မကြာမီနှစ်အတွင်းမှာပင် ထီးတော်ပြန်လည် ပျက်စီး ခံရပြန်လေ၏။ ဤလိုနှင့် မိုးနိုင်းဘုရားသည် ထီးတော်မရှိ ဘုရားငုတ်တိုဖြစ်လင့်ကစား ရောင်ခြည်တော် ကန့်မြူးရာ၌ နှစ်တိုင်းလိုပင် ဖူးမျှော်တွေ့မြင်ကြရသောကြောင့် ရပ်ဝေး ရပ်နီး ညှော့ပရိသတ်များ နည်းပါးခြင်း မရှိဘဲ လာရောက်ဖူးမျှော်နေကြတာကို တွေ့ရခြင်းသည် တန်ခိုးကြွယ်ခြင်းပင်တည်း။

သိမှတ်ချက်။ ။(အပေါင် ဆရာတော် ဘုရားနှင့် ကစိုကျောင်းသစ်ဆရာတော် ၂-ပါးသည် မိုးနိုင်းစေတီ ပြန်လည်ပြုပြင်ရန် ခု-လ-ရက်တိကျမသိခဲ့ရခြင်းကြောင့် ငှင်းနေ့စွဲကို ထည့်သွင်းခြင်းမပြုပါ)

## အများတိုက်တွန်း ထီးသစ်ထွန်း

မိုးနိုင်းစေတီတော်သည် ဤလိုနှင့် ထီးတော်မရှိဘဲ လာရောက်ဖူးမျှော် တွေ့မြင်ခဲ့ကြရသော ရဟန်း, ရှင်,လူ, အပေါင်းတို့က ကြည်ညိုဇောနှင့် မနေသာကျောကြောင့် မျှိသိပ်မရနိုင်ကြဘဲ ဝစီနှုတ်မြွက် တကျက်ကျက်နှင့် ထီးတော်သစ်ပြန်လည်တင်လှူမှန်တိုက်တွန်းနေကြသည့် ကာလအတွင်းမှာပင် တော်လှန်ရေးအစိုးရအရာရှိ ဗိုလ်မှူးကြီးနှင့် တပ်ခွဲမှူးများပင် လာရောက် တိုက်တွန်းအလှူပါဝင်မည်ဆိုတော့ အားတက်သရော ဝမ်းမြောက်ဝမ်းသာစွာနှင့် ယခုကဲ့သို့ မိုးနိုင်းဆံတော်ရှင် စေတီတော်ကို ပြန်လည်

ပူပြင်ရန် လှိုင်းဘွဲ့မြို့နယ်တောင်ပိုင်း အထက်ရေပူဂိုဏ်းလုံးဆိုင်ရာ ကျောင်းပေါင်း ၄၅-ကျောင်းရှိ ဆရာတော် သံဃာတော်များ နှင့် ဒါယကာ ဒါယိကာမများကနေ ၁၃၂၅-ခုနှစ် တပေါင်း လဆုပ် ၂-ရက် (၂၁-၂-၆၄) စနေနေ့ည ၇-နာရီအချိန် သံဃာ့ အဖွဲ့ချုပ်နှင့် ဂေါပကအဖွဲ့ ၂-ဖွဲ့ကို ငှက်ပျောတောကျေးရွာ ကျောင်းသိမ်ရေစက်ချ ပွဲတော်တွင် ရဟန်းရှင်လူ စုံညီစွာ ရှေ့ မှောက်တွင် ဆွေးနွေးတိုင်ပင်၍ အများသဘောတူ ဆရာတော် သံဃာတော်များနှင့် တကာများ အသီးသီး ရွေးကောက် တင် မြှောက်၍ ဖွဲ့စည်း အတည်ပြုလိုက်ကြလေသည်။

များမကြာမီ စေတီကို မွန်းမံပူပြင်ပြီးလျှင် ဆော်ဩရေးမှူး ဦးပဏ္ဍိတ ဥက္ကဋ္ဌ ဦးမြစိန်နှင့် နောက်လိုက် လူ ၂-ယောက် တို့ပါ မန္တလေးမြို့မှ ထီးတော်ကို ရထား၊ သင်္ဘော၊ မော်တော် ယာဉ်များနှင့် အတန်တန်ဆောင်ကျဉ်း ပင့်ဆောင်လာသဖြင့် လှိုင်းဘွဲ့မြို့ တပ်ရင်းသို့ ရောက်မှသာလျှင် တဖန် မော်တော်ယာဉ် ထန်းစင်ပြဿများနှင့် ပင့်ဆောင်ပြန်လာရာ၌ ရှေ့ဆိုင်းတမျိုး နောက်ဆိုင်းတဖုံ ဖြစ်ခဲ့သော အနောက်တိုင်း တေးဂီတရော မြန်မာ အတီးအမှုတ်များပါ အိုးစည်- စည်မောင်း ဒိုးပတ် ထောင်းလျှက် ဆိုင်းပေါင်း ဗုံသံချိုတေးညံခါ ဓမ္မစကြာ ရတု ဖြာလိုက် စည်ကား သိုက်မြိုက်စွာနှင့်ညနေ ၆-နာရီခွဲအချိန် မိုးနိုင်း ဘုရားကုန်းပေါ်တွင် ရောက်ရှိ၍ တည်ကြိမ်းဝတ်ရလေသည်။

နောက်တနေ့ ၁၃၂၆-ခု၊ ပထမဝါဆိုလဆုတ် ၁၄-ရက်၊ ဗုဒ္ဓဟူးနေ့နံနက် ၇-နာရီ ၄၅-မိနစ် အချိန်မှ ထီးတော်ကို ပထမ အထက် ရေပူဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးဦးဥတ္တမကစတင် ပင့် ကိုင်ပြီးဒုတိယဗိုလ်မှူးထွန်းအုံ၊တတိယဦးပါမောက္ခလက်မှတဆင့်

ရဟန်းရှင်လူလက်ထဲသို့ လက်ဆင့်ကမ်းလိုက်ကြသဖြင့် ထီးတော်သည်စေတီထိပ်သို့ ရောက်သောအခါမိုးနိုင်းဘုရားကုန်း ကျောင်းဆရာတော်ဦးပဏ္ဍိတကပြန်လည်ဆင့်စီအထွဋ်ဖြစ်သောမြတ်စိန်ဖူးတိုင်အောင် တင်လှူရာ ၉-နာရီတိတိ အချိန်တွင် ဆင့်စီပြီးခဲ့သည်နှင့်တပြိုင်တည်း ထီးတော်တင် အောင်မြင်မှု ကြေးကြော်သံကို)အထက်ပိုင်ကျုံရွာနေ ဦးအောင်ဖြိုးက ပထမတိုင်၍ ရဟန်းရှင်လူ ပရိသတ်အပေါင်းသည် "စီပင်ပြီ၊ သာယာပြီ၊ အောင်မြင်ပြီ" ဟု ညီညီညာညာ ၃-ကြိမ် ၃-ခါ ကြေးကြော် ခဲ့ရာမှ မိုးနိုင်းစေတီ၏ တောင်တတောင်လုံးလိုပင် တုန်လှုပ် ဟိန်းသွားဟန် အောင်မြင်ခဲ့ရလေသတည်း။

သိမှတ်ချက်။ ။(ထီးတော်သည်မန္တလေးမြို့မှ မိုးနိုင်းဘုရားကုန်း ရောက်သည်အထိ လှည့်လည်အပူဇော်ခံ ကန်တော့ခြင်းမရရှိခဲ့ပါ၊ ၎င်းထီးတော် ရောက်ရောက်ခြင်း နေ့ရက်မဆိုင်း တင်ရမည်ဟု အထက်ရေပူဂိုဏ်းချုပ် ဆရာတော်ဘုရားကြီး အတိတ်နိမိတ်ကောက် ထင်မြင်လာခဲ့သဖြင့် ချက်ခြင်းတင်ရခြင်း ဖြစ်သည်။)

သို့ပေမဲ့ မိုးနိုင်းဘုရား၏ တန်ခိုးတော် အဟုန် ကြောင့် ထီးတော်တင်လှူသည့်နေ့မှာ ရက်ကန့်သတ် မရှိသည့်တိုင်အောင် ၎င်း "ထီးတော်ရောက်ပြီ" ဟု ကြားရသည်နှင့် တမြိုင်နက် ရဟန်းရှင်လူရော အစိုးရ အမှုထမ်း ညွှန့်ပရိသတ် များကိုပါ သဒ္ဒါဇောကြွ မနေ့ာဆွကာ မနေသာ လာရောက်၍ စည်ကားသိုက်မြိုက်စွာဖြင့် ထီးတော်တင်ပွဲကြီးတရပ်ကို ကျင်းပ၍ ပူဇော်ခဲ့ကြရလေသည်။

## ရောင်ခြည်ကွန့်မြူး အမျှားကြူး

သံတော်ရှင် စေတီတော်မြတ်ကြီးသည် ထီးတော် တင်လှူပြီး မကြာမီကာလမှာပင် ဒုတိယ ဝါဆိုလဆန်း ၁၀-ရက်၊ တနင်္ဂနွေ နေ့ညနေ ၄-နာရီခွဲ အချိန်တွင် ရောင်ခြည်တော် ၁၀-မိနစ်ခန့် ကွန့်မြူးခဲ့သည်ကို မနီးမဝေးမှနေကြသော ရဟန်းရှင်လူအချို့ တို့ကတွေ့မြင် ဖူးမျှော်ရပါသည်။

၎င်းဒုတိယ ဝါဆိုလဆန်း ၁၄-ရက်၊ ကြာသာပတေးနေ့ည ၉-နာရီခန့် အချိန် ကြပြန်သောအခါ ဘုရားကုန်းတော်ပေါ်၌ သီတင်းသုံးကြသော ရဟန်းတော်များ ဘုရားဝတ်တက် အာရုံ ပြုရင်း ငှက်ပျောဖူးထိပ်မှ အရှေ့ဒေါင့်ကနေ ပဘာသရ ပြိုးပြိုး ပျက် အရောင်များ တလူလူထွက်လာ၍ ထီးတော်ကို လက်ျာရစ် ပါတ် တပါတ်ထက်တပါတ် မြင့်၍မြင့်၍ ၃-ပါတ် တိုင်အောင် ရစ်ပါတ်ပြီးလျှင် မြတ်စိန်ဖူးထိပ် တည့်တည့်တွင် ၁၀-မိနစ်ခန့် အကြာ ကွန့်မြူးပြီးနောက် အထက်အာကာသို့ ၁၅-တောင်ခန့် ဈာန်မြင့်မြန်းကြွရောက မှိန်ပြီး ပျောက်ကွယ်သွားသည့်တိုင်အောင် တွေ့မြင် ဖူးမျှော်ခဲ့ကြရလေသည်။

၁၃၂၈-ခုနှစ်၊ နယုန်လဆုတ် ၁၁-ရက်၊ အင်္ဂါနေ့ ၁၂-ရက် ၁၃-ရက် ကြာသာပတေးနေ့တိုင် နံနက် အာရုံ တက် သည်နှင့် တပြိုင်တည်း ရောင်ခြည်တော် ကွန့်မြူးခဲ့ပါသည်။ ၃-ရက်၏ အာရုံတက်တိုင်တိုင်း ရောင်ခြည်တော် ကွန့်မြူးရာ၌ ရင် ပြင် ပေါ်တခုလုံး ထိန်လင်းသွားနေဒါကို ဘုရား တောင်ခြေရင်းနေ နံနက်စောစော ထလေ့ရှိသော တကာမျှားရော (ကရင် ခရစ် ယာန်ဘာသာဝင်) အချို့မျှားတောင် တွေ့မြင် ခဲ့ရပါသေး သည်။

## သက်တော်ထင်ရှား စိတ်မှာထား

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ....သမေစိတ္တေ သမံဖလံ
စေတောပဏိဓိဟေတုဟိ....သတ္တာဂစ္ဆန္တိ သုဂတိံ

တိဋ္ဌန္တေ သက်တော်ထင်ရှားရှိသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၌ရင်း နိဗ္ဗုတေစာပိ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော ဘုရားရှင်၏ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီတော်၌ရင်း၊ စိတ္တေကြည်ညိုဖိတ်ဖိတ် သဒ္ဓါစိတ်သည် သမေတူမျှသည်ရှိသော် ဖလံ လူနတ်နိဗ္ဗာန် သုံးတန် စီးပွား အကျိုးတရားသည်လည်း သမံ မခြားတမူ အလားတူ သည်သာလျှင် ဟောတိ-ဖြစ်၏။ ဟိ-ထိုစကားသည် ထင်ရှားမသွေမှန်လှပေ၏။ စေတောပဏိဓိဟေတု မိမိစေတနာ သဒ္ဓါစိတ်ထားရှိသည်အား လျော်စွာ သတ္တာ-သူသူငါငါ သတ္တဝါမှန်သမျှတို့သည် သုဂတိံ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရာမှန်သည့် လူ့ထံ နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံ၌ ဂစ္ဆန္တိ-ကုသိုလ်ဇောဖန် မနောသန်ကာ အမှန်ပင် သွားရောက်ကြရပေကုန်တော့သတည်း။

ဟူသော ဝိမာန ဝတ္ထု ပါဠိတော်ကို ထောက်ထား၍ သက်တော်ထင်ရှား ပမာအလားကဲ့သို့ စိတ်ထားယုံကြည်၍ ဤမိုးနိုင်း ဆံတော်ရှင် ငါးမာရ်အောင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဆည်းကပ်ဝတ်ထွား၍ တတ်အားသမျှ ကုသိုလ်ပြုနိုင်ကြပါစေသောဝ်။

## မိုးနှိုင်းစေတီ ဆုတောင်းတည်

ဝန္ဒေ ဆဗ္ဗဏ္ဏရံသီဟိ....သောဘိတံ ထောမိတံ မိတံ
ကေသဓာတုံ နိဒဟိတွာ....ဒေဝစ္ဆရာယ ကာရိတံ
နမက္ကာရာ နုဘာဝေန....သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ

ဆဗ္ဗဏ္ဏရံသီဟိ ညိုရွှေဝါနီ ကွန့်မြူးလည်သည့် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် သောဘိတံ နေလနှစ်သွယ်သောက်ရှုုး ကြယ်နှင့် နိုင်းဘွယ်မသင့် အလွန်တင့်တယ် တော်မူထသော အမိတံ ဤရွှေ့ ဤမျှ ဂဏန်းချ၍ မရနိုင်းရှည့် အတိုင်းမသိ သော ထောမိတံ မဏိဇောတ လိုတိုင်းရသို တောင်းတလိုဆု ပြည့်စေမှုကြောင့် ဆုတောင်းပြည့်တတ် ချီးမွမ်း အပ်ထသော ဒေဝစ္ဆရာယ အမည်ပျံ့မွှေး နတ်မယ်ထွေးသည် ကေသဓာတုံ ရသေ့မြတ်ထံ လျှောက်တောင်းပန်၍ ဆံကေသာမြတ် ဘုရား ဓာတ်ကို နိဒ္ဒဟိတွာ ကောင်းမြတ်သေချာ ဌာပနာ၍ သာလျှင် ကာရိတံ သာသနာစည်ကား အရှည်ပွားဘို့ တည်ထားကိုးကွယ် အပ်သော မိုးနိုင်းစေတီတော်မြတ်ကြီးကို အဟံ....ဘုရားတပည့် တော်သည် ဝန္ဒေဝန္ဒာမိ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ ပါသည် အရှင်မြတ်ဘုရား။

နမက္ကာရာ နုဘာဝေန ဤသို့ ရှိခိုးပူဇော် ကန်တော့ရခြင်း တည်းဟူသော ကုသိုလ်ကောင်းမှု ကံစေတနာတို့ကြောင့် သဗ္ဗေ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သောသက်ပ္ပါ အလိုရှိအပ်တောင်းတ အပ်နှစ်သက်အပ်မြတ်နိုးအပ်သော အကြံအစည်ဟူသမျှတို့သည် ပူရေန္တု တခုမကျန် ဆောလျှင်မြန်ဖြင့် ဧကန် ပြည့်စုံ နိုင်ပါစေ ကုန်သတည်း။

## မိုးနိုင်းကုန်းပေါ် နိဗ္ဗာန်ဆော်

ဘဝန္တော သပ္ပုရိသအပေါင်း အို....သူတော်ကောင်းတို့ သုံးဆယ့်တဖြာ ဘုံလောကာဝယ် အဝိဇ္ဇာခဲ ဤမှောင်ထဲမှလွတ်ခဲ

လှစွာ လူတို့မှာမူ ဘယာဘိစီး မောဟကြီး၍ အပြီးအပါယ် ကျတတ်လွယ်သည့် မှတ်ဘွယ်သတိ အစဉ်ရှိ၍ မိုးနိုင်း တောင်ပေါ် နှိုးဆော်ပင်ရှိ ဦးပဏ္ဍိတမည်ခေါ် နိဗ္ဗာန်ဆော်က အော်ခါ ထုတ်ခြောက် ရောက်ရတော့သည်။ သို့ဖြစ်သည်ကြောင့် ငါးမာန် အောင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီးတဆူကို ဒါယကာ ဒါယိကာမကြီးငယ်တစုတို့က ကြွရောက်တော်မူကြပါ့ ဘဝန္တော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့....

ဘဝန္တော အနိစ္စ ဒုက္ခ အနတ္တဟု စိတ်ကထင်မြင် သမ္ဗဇဉ် တရား ကိုယ်တွင်ထား၍ မခြားစွဲကပ် သူတော်မြတ်တို့ ဥဇ္ဈေထ ဓမ္မ သဘာဝ အချိန်ကျက ဇီဝမတည် သေရမည်မို့ မသေမီ ကာလ ယခုကပင် မိုးနိုင်း တောင်ပြင် ငါးမာန်အောင် ဘုရား တည်ထားရာက ပုညအစု ကုသိုလ်မှုကို ပြုစုစေရန် ရည်စိတ်သန်၍ ဦးပဏ္ဍိတဘွဲ့ခေါ် နိဗ္ဗာန်ဆော်က နှိုးဆော်သမှု ပြုရတော့သည် သို့ဖြစ်သည်ကြောင့် ဒါန သီလ ဘာဝနာ ကိုယ်တွင် ပွားရန် အမြန်ကြွရောက်တော်မူကြပါ့ ဘဝန္တော သပ္ပုရိသ အပေါင်း သူတော်ကောင်းတို့....

## ဆွမ်းတော်ကပ်လှူ ဆုတောင်းယူ

ဗောဓိညောင်ရွှေ ပလ္လင်ဗွေဝယ် ငါးထွေစစ်ကြီး မာန်ကို လှီး၍ ဘုန်းမီးပြင်းရှိန် မိုးလုံးထိန်မျှ မမှိန်ပဝင်း ရောင်စုံလင်း သည့်လမင်းသော်တာ ပုံနှိုင်းရာသို့ ဗုဒ္ဓမြတ်ဖျား ရှင်တော်ဘုရား အား ကိုယ်စားရည်မှတ် သရီဓာတ်နှင့် ထွဋ်မြတ်စေတီ တလီ ဆင်းထု အပေါင်းစုအား ညစ်ကျူမတင် သန့်ရှင်းစေ၍ ကြည် လင်ထွေထွေ သောက်တော်ရေဟု သုံးရေမည်လျှင်သီးချိုချဉ်နှင့်

မြူလျှင်မကပ် ကောင်းမွန်လတ်သည့် ဆွမ်းမြတ်ဘောဇဉ် ရသာ စင်ကို ဦးတင်ညှတ်ခ ရိုတုတ်ကဲ့၍ စိတ်ကတမူ အာရုံယူလျက် ကြည်ဖြူဆက်ခါ ကပ်လှူပါ၏ အရှင်မြတ်ဘုရား။

ဤသို့လှူကပ် ကုသိုလ်မြတ်ကြောင့် မပြတ်ခန္ဓာ ဖြစ်လေရာ တွင် လူ့ရွာနတ်ဘုံ ဗြဟ္မာဘုံဝယ် မျိုးဂုဏ်ထွဋ်မြတ် သန္ဓေ ကပ်၍ ဥက္ကဋ္ဌပညာ ဆင်းမှာတုမရှိ လွန်ပြည့်ခွန်အားသက်ကား ရှည်စွာ အနာမဲ့ကင်း ကောင်းခြင်းငါးဖြာ ချမ်းသာကြီးမား ခြွေရံများလျက် တပါးသူတို့ ငြူစူပယ်ရှား ကျင့်တရားနှင့် ယူ မှားမိစ္ဆာ ဝေးဝေးကွာ၍ သမ္မာဖြောင့်မတ် သူတော်မြတ်နှင့် မပြတ်ကြုံလစ် ဆက်တိုင်းဖြစ်ခါ ဆိုးညစ်ကိလေ ညွန်မြူတေကို မဂ်ရေဇလာ ဆေးလျော်ခါပ ခဝါချသို့ ကင်းပညစ်ကြေး ဖြူ စင်ဝေး၍ အအေးမှန်ရာ နိဗ္ဗူတာကိုမကြာခဏ ရောက်ရပါလို၏ အရှင်မြတ်ဘုရား....

## ပန်း, မီး, ရေချမ်း ကပ်လှူဒါန်း

ဗုဒ္ဓစိန္တေ မြတ်ပရမေသည် ရက္ခေမည်ရှိ ပင်ဗောဓိဝယ် သီရိ ကြက်ရေ ရှန်းရှန်းဝေလျက် သပြေညာထိပ် ဇမ္ဗူဒိပ်၌ ဂုဏ်ဟိတ် လွှမ်းခါ ရွှေ့ပြုဗ္ဗာမှ လက်ျာလှည့်ဆောင် ထိန်ဝါပြောင်လျက် တထောင်ရောင်ခြည် မိုက်မှောင်ရည်ကို နေခြည်ထွန်းတောက် အလင်းရောက်က လွှင့်ပျောက်စင်လတ် နေမင်းနတ်နှင့်နက္ခတာရာ ကြယ်တကာတို့ ရံခါပတ်ဝန်း ရောင်စုံ ထွန်းလျက် တောင်စွန်း အဇဋ္ဌာ ယုဂန္ဓရာမှ အာကာဘွဲ့တောင် လက်ျာဆောင်လှည့် မိုက်မှောင်ပယ်ခွင်း သော်တာမင်းနှင့် မယွင်းပုံတူ ဂုဏ်ပေါင်း ကြူ၍ အတူမရ သုံးလောက၌ ဗုဒ္ဓသဗ္ဗညုင်း တရားမင်းအား

စိတ်၌ထားလျက် မိုးနိုင်းစေတီ မွေ့သရီနှင့် တလိရုပ်ထု မြတ်ခါတု အား ကင်းမှုဝဋ္ဋကြွေး နိဗ္ဗာန်အေးကို မြော်တွေးတောင့်တ ရှင်ကြည်ပျလျက် ဆင်းလုဂန္ဓာ မွှေးကြိုင်စွာလျှမ်း မာလာပန်းကို စိုရှမ်းအိအိ ဂွမ်းဆီထိသို့ ပိတိဟာဒယ ရိတုပ်ကွလျက်မနကြည်ဖြူ အာရုံယူ၍ တင်လှူပူဇော်ပါ၏ အရှင်မြတ်ဘုရား။

ဆင်းနံ့စုံဖြူ ပန်းလှိုင်ကြူကို တင်လှူယာခု ဤကောင်းမှုကြောင့် ဗဟုအဏ္ဏဝေ ဝဲသြဃေသို့ နစ်လေဘန်ခါ သံသရာ၌ ခန္ဓာမပြတ် ဖြစ်တုံလတ်မူ သုံးကပ်အပါယ် ဘေးမျိုးကွယ်၍ လူဝယ်နတ်မြတ် ပြဟ္မာရပ်သို့ ထပ်ထပ်ခေါက်ပြန် လှည့်စုံဆန်သော် ဂုဏ်တန်ဒြပ် မျိုးမြင့်မြတ်၌ ကြုံလတ်ရပါ သက်ရှည်ရာမှာ ဝိသာခါသို့ အင်္ဂါဆင်းလှ ရုပ်ရှုပမှာ မြင်သမျှယောကျ်ား ငွေးမေ့ငြားသည့် နတ်အလားသာ မယ်ဥမ္မာနှင့် ပဒေသာရက္ခဆောင်ဘုံကြွဝယ် မနဖေါသီး သေငွေ့းကြီးဟု ဝေးနီးကျော်ရ ဇောတိကတည်း နာဂဆင်ကြီး ခုနှစ်စီးကို စက်ဘီးပမာ သွက်သွက်ခါအောင် နှင်းဆောင်နိုင်ပြီး စစ်သူကြီးပ ဗန္ဓုလသို့ ရာဇမိလိန္ဒာ မေးပုစ္ဆာကို မကြာစေရ နှုတ်ရှရှဖြင့် ခဏမဆိုင်း ဓါးဖြင့်ပိုင်းနှယ် ထိတိုင်းပေါက်ရှ ရှင်နာဂသေနသို့ ငါးဝအကျိုး လွန်စုံဖြိုးပြီး မိုက်မျိုးကိလေ သန့်ရှင်းစေ၍ မဂ်ပြေအမတာ ခေကျွန်းညာသို့ မကြာယခု ဤကောင်းမှုကြောင့် ရောက်ရပါလို၏ အရှင်မြတ်ဘုရား....

တသွယ်ဆီမီး ဦးတင်လက်ဆယ် မြတ်နိုးကြွယ်လျက် လက္ခယ်သန်းခေါင် မိုးမှောင်ဥမင် မိုက်လေးအင်ကို လင့်စင်ပယ်ပျောက် အလင်းရောက်အောင် ထွန်းတောက်နိုင်ပြီး ဤဆီမီးကို ပြတ်ပြီး

စေတနာ ကြည်သဒ္ဓါဖြင့် ပတ္ထနာရည်ရော် ဘုရားတပည့်တော် (ဘုရားတပည့်တော်မ) သည် ပူဇော်ညီထွန်းပါ၏ အရှင်မြတ်ဘုရား....

ဤသို့ ပဒီပေ မြတ်ပုညကြောင့် ကိလေအာရုံ ကာမဂုဏ်၌ ခင်စုံလွန်မင်း တပ်ခြင်းကင်းလျက် ဆီးနှင်းမြူတိန် သူရိန်မီးခိုး ရန်မျိုးမကပ် ရောင်စုံဟပ်၍ တလျှပ်လျှပ်ထင် နေလင်သို့ ဘုန်းအင်ကြက်သရေ မောက်ဖြိုးဝေလျက် ငါးထွေ အင်္ဂါ မြတ်သီလာကို မြဲစွာကြံ့ခိုင် စောင့်ရှောက်နိုင်၍ မယိုင်သမာဓိ အထူးရှိသဖြင့် စွန်းငြိဒေါသ မာန်မကြွဘဲ ပေမပါစာ ချစ်ဘွယ်ရာကို ကောင်းစွာဆိုတတ် သူတော်မြတ်တို့ လေးမြတ်ကြည်လင် လွန်ခံ့မင်၍ မိုက်အင်လေး၀ ထက်မကဘဲ ခါသမလုံး ပညာတုံးအောင် ပိတ်ဖုံးဆီးကာ အဝိဇ္ဇာနှင့် ကိလေသာတည်း မိုက်မှောင်ကြီးကို ဉာဏ်မီးတန်ဆောင် ထိန်လင်းပြောင်လျက် ခေသောင်နဂရ ဘေးမျိုးပသည့် အမတရိပ်မြုံ နန်းရွှေဘုံကို ခိုလှုံနိုင်ရပါလို၏ အရှင်မြတ်ဘုရား....

တလီရေငြား သုံးပါးဒွါရ ပဏာမဖြင့် တုတ်ကွဝပ်လျှိုး ဦးထိပ်မိုး၍ မြတ်နိုးရတနာ ကြည်သဒ္ဓါဖြင့် စိတ်မှာပိုင်းဖြတ် အာရုံကပ်လျက် ကင်းလတ်မြူမှုံ အေးမြတုံလျက် ခိုးတုံ လွန်မင်း မှောင်မလင်းဘဲ ဆီးနှင်းများလှ ပဗ္ဗတမှ လျှောကျ သက်လာ ရေသီတာနှင့် ပမာအလား ကြည်လင်ငြားသည့် များပြားထွေထွေ သောက်တော်ရေနှင့် သုံးရေတခန်း ဤရေချမ်းကို ရှင်လန်းကြည်စွာ ကပ်လှူပါ၏ အရှင်မြတ်ဘုရား....

ဤသို့ဇလ ရေဒါနကြောင့် များလှသံသာ ဖြစ်လေရာဝယ်

ပရမာဏုမြူ အလားတူသည့် သိသူနည်းပါး မြတ်တရားကို ပိုင်းခြားထင်ထင် ပေါ်လွင်မြင်သိ ပညာရှိလျက် သတိမြဲမြဲ ထပ်တလဲဖြင့် စိတ်စွဲအာရုံ ရတနာဂုဏ်ကို ယုံကြည်ဓလေ့ နိုင်အောက်မေ့၍ ပြောလေ့ဆိုမှု အစုစု၌မြှော်ရှုထောက်စာ လွန်လိမ္မာတည့် မိစ္ဆာအယူ ပယ်ခွါမူဘိ ဉာဏ်မြင်သိလျက် ပျင်းရိတရား မရှိငြားဘဲ သုံးစားမကုန် ပြည့်စုံရတနာ ရှိတို့ပါ၍ ယာစကားပုံးတောင်း သူတော်ကောင်းအား ညွှတ်ပြောင်းသဒ္ဓါ ပေးလှူခါဖြင့် ရောင်ဝါလက်လက် မြမြထက်သည့် သံလျက်ပမာ ဉာဏ်ပညာကား တတ်မြောက်ငြားလျက် ယောကျ်ားဇာနည် ဆက်တိုင်းမည်၍ တည်ကြည်သမာဓိ ခိုင်လုံဘိသဖြင့် မိမိ သူတပါးနှစ်ဦးသားတို့ စီးပွားချမ်းသာ မင်္ဂလာကိုကောင်းစွာမပြတ်ကျင့်ဆောင်တတ်လျက် အာယုကပ်ရှည် သက်ကျော်တည်ဘိ မအိမသာ ကျင်နာခံဆိုး ရောဂါမျိုးလည်း မတိုးမကပ် ဣဋ္ဌိပါဒ်မျိုးဘုန်းတန်ခိုးနှင့် မည့်သိုးကြက်သရေ ဖြိုးဖြိုးဝေ၍ ဆယ်ထွေပါရမီကျင့်ဝတ်ညီသည် ရွှေပြည်အမတာ ရောက်ရပါလို၏ အရှင်မြတ်ဘုရား....

ဤသို့ လှူကပ် စိတ္တုပ္ပါဒ်ကြောင့် အေးမြတ်ရာမှန် ပြည်နိဗ္ဗာန်သို့ လျှင်မြန်ဘဝ မရောက်သေးသမျှ၌ အနမတဂ္ဂါ သံသရာဝယ် ဖန်ခါကြိမ်ခါ ဆိုက်ရောက်ပြန်သော် သုံးတန်သောကပ် လေးရပ်အပါယ် လေးသွယ်ဝိပတ် ငါးထပ်ရန်သူ ရှစ်ဆူရပ်ပြစ် မကောင်းလစ်သည့်ဆိုးညစ်ကြမ်မာ ဘေးဘယာတို့ ကိုယ်မှာမခ ကင်းစင်ပ၍ ထိုမှဤမှ ရပ်ဒေသက ပြင်းပြလေဆိုး တိုက်ခတ်တိုးလည်း မတိုးမတိမ်း မယိမ်းမယို တောင်မြင့်မိုရ်သို့ ထိုထိုကာမာ ကိလေသာနှင့် မိစ္ဆာလေဆိုး ဝှေ့ခါတိုးလည်း

မညှိုးမယိုင် စိတ်ကိုပိုင်၍ တည်ခိုင်သမာဓိ ကိုယ်ဝယ်ရှိလျက် မြတ်သည့်စာဂီ ပါရမီကို ဆယ်လီသုံးပြန် ဥက္ကဋ္ဌဖြင့် ကျင့်ကြံပြီးခါ မရဏာနှင့် ဇရာဗျာဓိ ပျောက်ကွယ်ဘိ၍ ဇာတိပြတ်ကြေ အောင်နန်းမြေသို့ ရက်ရှည်မကြာ ရောက်ရပါလို၏ အရှင်မြတ်ဘုရား....

ဤကောင်းမှုအကျိုးအားကြောင့် မိုးသိကြားထက် ဝေဇယန်ဝယ် ကနက်ရွှေကဒန် ထီးအသွယ်သွယ်ဖြာလျက် ကြီးကျယ်စွာ သုခအပေါင်းတို့နှင့် ပြုံသမျှ အကြောင်း ရှေးအတိတ်ဓမ္မတို့ကြောင့် မနှေးဣစ္ဆာ စုလာပြည့်ရသကဲ့သို့ ယခုဘဝါဒိ အစဖြာ၍ မရဏာရွာ တမလွန်ကျသောအခါ အမွန်တကာ ဆောင်ကြဉ်နန်းမွေ၌ ပြောင်လျှမ်းတဝေဝေ မှန်စွာမွေ့လို့မို့ အန္တရာမငေ့ ဗျာပါမခဘဲမဟာဒါန် အသဒိသအလှူကိုဘဝရှိသမျှမဟူပေးလှူဒါန်းပြီးလျှင် အေးကြူစခန်းနိဗ္ဗာန်နယ်ကို စိတ်ကြံရွယ်မှန်းကာဆရုံနှင့် မပမ်းပါရ အမတာခွင်သို့ မကြာအလျှင် ရောက်ရပါလိုက်၏ အရှင်မြတ်ဘုရား....

ဤသို့ပုည ဘို့ဘာဂကို မိဘဆရာ ဉာတကာနှင့် သဟာမိတ်ဆွေ နတ်ဒေဝေဟု ရေမြေပိုင်သမင်းရာဇမှ ယမတဖြာ ငရဲရွာ၌ ချမ်းသာမရ ပူဒုက္ခစွဲ ဆင်းရဲကြုံရာ သတ္တဝါနှင့် အဇဋ္ဌာဘဝက် ဝဋ္ဋာထက်မှ တက်သက်လူးလာ ဈာန်ဘိညာဖြင့် ဗြဟ္မာမိုးနတ် အစမှတ်၍ မလပ်ဉဿုံ ခပ်သိမ်းခြုံလျက် လုံးစုံများစွာ ဝေနေယျာ အားရငြားပါစေ အမျှဝေ၏ အမျှ....အမျှ .. အမျှ မသေွမှန်လှ အမျှရ၍ ဒုက္ခဘယာ ပျောက်ပကွာလျက် ချမ်းသာတက်နေ နေစက်အလား ယုန်ရထားသို့ ဂုဏ်များမိုးဆင့် ဝိုးဝိုးဝင့်၍ တိုးမြင့်ကြက်သရေ မိုးသို့စွေသည် အောင်မြေနိဗ္ဗာန် ရောက်ရပါလို၏ အရှင်မြတ်ဘုရား....။

## စေတီ၏အတိုင်းအတာ

၁။ စေတီတော်၏ ထီးဥာဏ်တော် ၁၂-တောင်။
၎င်းပေအားဖြင့် ၁၈-ပေ။
၂။ စေတီတော်၏ ဥာဏ်တော် ၂၆-တောင်။
၎င်းပေအားဖြင့် ၃၉-ပေ။
၃။ စေတီ၏ ပလ္လင်တော်အမြင့် ၂-တောင်၉-လက်မ။
၎င်းပေအားဖြင့် ၃-ပေ ၉-လက်မ။
၄။ ထီးတော်၏အဝန်း ၃-တောင်။
၎င်းပေအားဖြင့် ၄-ပေ ၆-လက်မ။
၅။ စိန်ဖူးတော်ထိပ်မှ ပလ္လင်အောက်ခြေ
(မြေ)အထိ ဥာဏ်တော်အမြင့် ၄၀-တောင် ၉-လက်မ။
၎င်းပေအားဖြင့် ၆၀-ပေ ၉-လက်မ။
၆။ မိုးနိုင်းတောင်၏အမြင့် ၁၂၄-တောင်။ ၁၂-လက်မ။
၎င်းပေအားဖြင့် ၁၈၇-ပေ။

ပြင်ဆင်ချက်။ ။မိုးနိုင်းတောင်၏ အမြင့်သည် ၁၂၄-တောင် ၁၂-လက်မ၊ ပေအားဖြင့် ၁၈၇-ပေဖြစ်သည်။ ၎င်းပထမအကြိမ် ရိုက်နှိပ်ခြင်း၌ ၇၉-တောင် ပေအားဖြင့် ၁၁၉-ပေမှာ မှားယွင်းခြင်း ဖြစ်ခဲ့လေသည်။

## ဘုရားဖူးသည်များ နှိုးဆော်ကြား

၁။ မိုးနိုင်းဘုရား လူများရောက်လာ
ဆုတော်တောင်းက ပြည့်ဝမှန်စွာ

သူတော်စင်များ ရငြားစေရာ
နှိုးဆော်ဘိ ကြားသိနာလိုပါ။
၂။ တခါတခေါက် ကြွရောက်သည့်ခါ(လို့လာ)
လှူလိုရာများ စဉ်းစားဘို့သာ
တတ်အားသ၍ မမေ့နဲ့ကွာ
လှူဒါန်းဘိ ရောက်ရှိချိန်ခါသာ(တန်သာ)။
၃။ လူတကာတိုင်း သိုင်းဝိုင်းလှူရာ
ငါမလှူငြား ပြန်သွားသိခါ
မေးကြသူကား ဘာများလှူရှာ
ရသမျှ ဝေငှပုည သာ။
၄။ ကာလပိုင်းခြား စဉ်းစားသိခါ
ငါ့မှာဝေငှ ပုညမရှိပါ
ခါသမယလုံး ယူကျုံးဘို့သာ
ယခုကား လှူသွားကောင်းမည်မှာ
ဒါနများ ပြုသွားကောင်းမြတ်သာ။

## ရှစ်ဆူဂြိုဟ်မင်းပူဇော်ခြင်း

၁။ ရှစ်ဆူဂြိုဟ်မင်း တည်ခင်းရာမှာ
ဂြိုဟ်စီးဂြိုဟ်နင်း ကင်းရှင်းစေရာ
မကောင်းဂြိုဟ်လက် တွက်ချက်ပြီးခါ
ပူဇော်ဘိ သက်စိငွေသပြာ။
၂။ ပူဇော်ပြီးက ကျေနပ်စေရန်
ဆုတော်တောင်းက ပြည့်ဝဧကေန်
လောကလူသား မိန့်ထားခဲ့ပြန်

ငါးမာန်အောင်　　ဘွဲ့တောင်သမုတ်ခန်။
၃။ မိုးနတ်သကြား　　အများသတ္တဝါ
နှိုင်းယှဉ်တုဘက်　　ကင်းလျက်သည်သာ
ဘုန်းတော်ပွင့်လန်း　　တင့်ဆန်းဝေဖြာ
ရန်အပေါင်း　　အောင်ကြောင်းမင်္ဂလာ။
၄။ ဘုရားဖူးရ　　ပုညထိုထို
ဝေနေယျအား　　ရငြားစေလို
အမျှဝေပေး　　မနှေးချိုချို
ညီညာမှု　　သာဓုခေါ်စေလို့။
၅။ ဆန္ဒဝုတ္တိ　　မည်ရှိရောဂါ
ကိုယ်ဒုက္ခကင်း　　အလျှင်းမကြာ
ဒဂုဏ်ပဏ္ဍိ　　မည်ရှိနာမာ
မေတ္တာမျှ　　ပို့သအခါခါ
ဤကောင်းမှု　　တောင်းဆုပတ္ထနာ။

## ဆံတော်ရှင်မြတ် ပဏာမ

၁။ ဘုန်းတော်စက်ပန်း　　ယှက်သန်းတေဇာ
ရောင်ခြည်ဆင့်ဆင့်　　ဝင့်ဝင့်ဝါဝါ
တပည့်တော်အား　　သနားညာတာ
ခြေစုံမြန်း　　ကြွလှမ်းတည်လှဲ့ပါ။
၂။ ဘုရားအစ　　တရားအလယ်
သံဃာအဆုံး　　ပန်းကုန်းသဖွယ်
သွယ်ဖယောင်းခက်　　ဆယ်ချောင်းလက်ဝယ်
ညွတ်ရိုကြိုး　　ရှိခိုးကန်တော့တယ်။

၃။ ရောင်ခြည်ရှိန်လင်း ထိန်းဝင်းကြည်ကြည်
ဘုန်းတော်ပွင့်လန်း တင့်ဆန်းသိင်္ဂ
တူပြိုင်ကင်းပျောက် လင်းတောက်လေသည်
သွယ်ဖယောင်း ဆယ်ချောင်းအဉ္ဇလီ။

၄။ မြရော စိန်ရော မှိန်သောရောင်ခြည်
နေဝန်းလဝန်း ပထွန်းမကြည်
ပြဟ္မာတိုင်းနှင့် နတ်တိုင်းရွှေပြည်
နေရောင်ဖုံး ပိုးစုံးတူကြသည်။

၅။ မိုးနိုင်းဘုရား နာမမည်ကျော်
လှိုင်းဘွဲ့နယ်တွင်း ဂုဏ်လင်းထင်ပေါ်
လေးရပ်ဌာန လာကြဖူးမျှော်
တန်ခိုးလျှပ် မိုးနတ်စေတီတော်။

၆။ မိုးနတ်သိကြား အများဒေဝါ
ဝိုင်းဝန်းစောင့်ရှောက် ဘုန်းတောက်ဝေဖြာ
ဘေးရန်ကင်းပ အေးမြသာယာ
ရန်အပေါင်း အောင်ကြောင်းဘဂဝါ။

၇။ ဖူးမျှော်လာကြ အမျှသူတော်
တောင်းလိုသ၍ မမေ့နဲ့နော်
ကုသိုလ်ပုည မပြတ်ဆက်သော်
တောင်းသမျှ ပြည့်ဝစေတီတော်။

၈။ ဖူးမျှော်ကြရ အမျှလူတွေ
ဘေးရန်ကင်းဝေး ငြိမ်းအေးပါစေ
ဒါန,သီလ ဘာဝနာထွေထွေ
နေ့မပျက် ရက်ဆက်ပြုနိုင်စေ။

၉။ ခြေတော်ရင်းသို့ ဝတ်ဆင်းရောက်လာ
လေးပြင်လေးရပ် ဌာနဖြာဖြာ
ကြီးငယ်မရွေး ခလေးတွေပါ
ဘေးမသန်း အေးချမ်းလွန်းသာယာ။
၁၀။ ပိုင်ကျုံချောင်းနှင့် ဂျိုင်းချောင်းမည်တွင်
ချောင်းနှစ်သွယ်ကြား တည်ထားဘုန်းရှင်
သာယာပါဘိ လာကြည့်ပါလျှင်
အော်....ဟုတ်လား.... စိတ်ထားလွန်ကြည်လင်။
၁၁။ ဤသို့ပေါင်းစု ကောင်းမှုထိုထို
ကြွလာသမျှ ဂရိသတ်ကို
အမျှဝေပေး မနေးစေလို
ညီညာမှု သာစုခေါ်စေလို။
၁၂။ ဤမျှလောက်နှင့် ထောက်ချင့်နိုင်ပြီ
ရေးခဲ့သော်လည်း ပိုဘဲထင်မည်
ဓမ္မပါလ နာမတွင်မည်
နိဂုံးချုပ် ဖုံးအုပ်ပါတော့သည်။

### ကဗျာသမိုင်း ဘုရားမိုးနိုင်း

၁။ ရေးခါသမယ
ညီမခုနစ်ဖော် နတ်မယ်တော်တို့
ရှင်ပျော်သိုက်မြိုက် အချိန်ကိုက်၍
တည်လိုက်တူတူ ခုနစ်ဆူဘုရား
ဆံတော်များတွင် အကြုံးဝင်သည်
မည်တွင်မိုးနိုင်း ဘုရားတည်း။
၂။ ဘုရားမိုးနိုင်း

သမိုင်းဇာတ်ကြောင်း ပြန်ပြောင်းလစ်ဟ
ရေးသားရလျှင် ညီမငယ်သွေး
မယ်ထွေးလေးကား ပြိုင်ကာဘုရား
တည်စေငြားသော် စေတီတော်မှာ
ပြီးယုံသာဘဲ ရှိသေးဆဲကို
စောင့်ကြို့နေကြ ကျန်အစ်မတို့
မျှော်ရသည်နှင့် ခဏဝယ်။

၃။ ညီမငယ်တည့် သည်စေတီတော့
ပြီးပြီထင်မှတ် အသိချပ်ခါ
မပြတ်ထွန်းကြ မီးရောင်ပြသော်
ညီမငယ်သွေး စေတီလေးမှာ
အရေးမလှ ပြန်ချိန်ကျ၍
တစတပိုင်း ဤမိုးနိုင်းသည်
သမိုင်းဆက်ဆက် တည်လေ၏။

၄။ ဘုရားမိုးနိုင်း
သမိုင်းဇာတ်ကြောင်း ခေတ်တွေပြောင်းသော်
သူကောင်းခွင့်ကြုံ ကုသိုလ်ပုံဝိုင်း
ရှိဂိုဏ်းရေပူ ဖွဲ့စည်းထူပြန်
အမြန်မသွေ ဂိုဏ်းလုံးတွေက
ထကြွညီစေ ပူပြင်နေခိုက်
အသိုက်အဝိုင်း မိုးနိုင်းဇာတိ
ဦးပဏ္ဍိတ တနည်းပလျှင်
နာမတွင်ပုံ အရှင်ဒဂုဏ်ပဏ်
ကျောင်းတော်စံရ ဖြစ်ပေတည်း။

၅။ ထိုခိုက်စံရ ပြုပြင်လတ်သော်
စေတီမြတ်သည် မှန်ထပ်သကင်္ကန်း
အသွင်ဆန်း၍ ပွင့်လန်းတင့်တယ်
ထပ်ဆင့်တာမူ တံတိုင်းထူပြန်
ဝိုင်းရံကာလျက် အတွင်းဘက်မှာ
ဖြူပြာနီမဲ ရောင်စုံကဲကာ
ကျောက်ဖျာဟူလည်း ပြန်ပြီးခင်းသော်
စေတီတော်ကား ခန့်ငြားသပ္ပာယ်
ကျယ်ကျယ်ပြန့်ပြန့် သန့်သန့်ရှင်းရှင်း
ထွန်းလင်းသာပျော် ချီးကျူးကျော်ဟိုး
တန်ခိုးကြွယ်လျက် အံ့ဘွယ်ထွေထွေ
တောင်ခြေဒေါနတ် ချောင်းငယ်ဝမှ
မှန်းဆမျှော်တိုင်း ညို့ညို့ဆိုင်းသည်
မိုးနိုင်းတောင်နှင့် ငါးမာရ်အောင်တည်း။

## မိုးနိုင်းစေတီ စတင်မွမ်းမံရာ ရက်ချုပ်

၁။ ဖွဲ့စည်းခြင်း။ ။၁၃၂၅-ခု၊တပေါင်းလဆုတ် ၂ ရက် စနေနေ့ည ၇ နာရီ(၂၁-၂-၆၄)အချိန်တွင် မိုးနိုင်းဘုရားပြုပြင်ရန် သံဃာ့အဖွဲ့နှင့် ဂေါပကအဖွဲ့ ၂-ဖွဲ့ကို ငှက်ပျောတောကျောင်းရေစက်ချပွဲတော်တွင် အထက်ရေပူဂိုဏ်းဝင် ဆရာတော် သံဃာတော်များနှင့် ကျောင်းတကာများပေါင်းစုံ ရှေ့မှောက်တွင် ဖွဲ့စည်း အတည်ပြုလိုက်ပါသည်။

၂။ မွမ်းမံခြင်း။ ။၁၃၂၅-ခု၊ တန်ခူးလပြည့် သောကြာနေ့ (၂၇၊၃၊၆၄) နံက် ၈-နာရီ အချိန်တွင်

မိုးနိုင်းဘုရားပြုပြင်ရန် စတင် ညှမ်းဆင်ခဲ့ပါသည်။

၃။ အုဋ္ဌလှေခါးလုပ်ခြင်း။ ။၁၃၂၆-ခု၊ နယုန် လဆန်း ၁၂-ရက်(၂၂၊၅၊၆၄) သော ကြာနေ့တွင် ပထမ ပစ္စယံပေါ်တက်၍ အုဋ္ဌလှေကား ၃-သွယ် ပြီးစီးခဲ့ပါသည်။

၄။ ထီးတော်တင်ခြင်း။ ။၁၃၂၆-ခု ပထမ ဝါဆိုလဆုတ် ၁၄ ရက်(၈၊၇၊၆၄) ဗုဒ္ဓဟူးနေ့ နံက် ၇ နာရီ ၄၅ မိနစ်အချိန်တွင် ထီးတော်ကို စတင်၍တင်ရာ ၉ နာရီတိတိ အချိန်တွင် ပြီးစီးအောင်မြင်လေသတည်း။

၅။ ရေကန်လုပ်ခြင်း။ ။၁၃၂၆-ခု၊ ပထမဝါဆိုလဆုတ် ၇ ရက်(၁၄၊၇၊၆၄)အင်္ဂါနေ့တွင် ရေကန်ကြီးတလုံးနှင့် ပထမ ပစ္စယံပေါ်တက်ရန် တောင်ဘက် အုဋ္ဌလှေကားတသွယ်ပါ ပြီးစီးခဲ့ပါသည်။

၆။ ထီးဟောင်း၂လက်တင်ခြင်း။ ။၁၃၂၆ခု၊ပထမဝါဆိုလဆုတ် ၈ရက်(၁၅၊၇၊၆၄) ဗုဒ္ဓဟူးနေ့တွင် ထီးတော်ဟောင်း ၂ လက်ကို အရှေ့ဘက်မှာ တည်ခင်း ဆင်မြန်း ပြီးစီးခဲ့ပါသည်။

၇။ ဂြိုဟ်ရှစ်ခွင်လုပ်ခြင်း။ ။၁၃၂၆ ခု၊ ဒုတိယဝါဆိုလဆန်း ၉ ရက်၊ (၁၇၊၇၊၆၄)စနေနေ့နံက် ၇နာရီအချိန်တွင် ဘုရားပလင်ဂူ(ဝါ)ဂြိုဟ်ရှစ်ခွင်ဂူကိုစတင်အုဋ္ဌမြစ် ချခဲ့ရာ ဂင်းဝါခေါင်လဆန်း ၈-ရက်၊ (၁၈-၈-၆၄) တနင်္ဂနွေနေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

၈။ နတ်စင်လုပ်ခြင်း။ ။၁၃၂၆ ခု၊ ဝါခေါင် လဆန်း ၁ ရက် (၁၈-၈-၆၄) တနင်္ဂနွေနေ့တွင် မြောက်ဘက်

နတ်စင်တဆောင်နှင့် စနေဒေါင့်က နတ်စင်တဆောင် ပါပြီးစီးခဲ့ပါသည်။

၉။ ကြေးဆင်းထုတင်ခြင်း။ ။၁၃၂၆-ခု၊နတ်တော်လဆန်း ၉ ရက်(၁၃-၁၂-၆၄)တနင်းလာနေ့တွင် အထက်ပိုင်ကျုံးကျောင်းသစ်၌ အနေကဇာတင်၍ မိုးနိုင်းစေတီ ဂူဟ်ရှစ်ခွင်ထဲတွင် ပင့်ဆောင်တင်ခဲ့ပါသည်။

၁၀။ မှန်သက်န်းကပ်ခြင်း။ ။၁၃၂၆ ခု၊ ပြာသိုလ်လဆန်း ၁၂ ရက် (၁၄၊၁၊၆၅)ကြာသာပတေးနေ့ နံက် ၇နာရီအချိန်တွင် စတင်မှန် သက်န်း ကပ် လှူ၍ ၁၃၂၇ ခု၊ ကဆုန်လဆန်း ၁၄ ရက် (၁၄၊၅၊၆၅)သောကြာနေ့တွင် ပြီးစီးအောင်မြင်ခဲ့လေသည်။

၁၁။ ကျောက်ဖျာခင်းခြင်း။ ။၁၃၂၇ ခု၊ တော်သလင်းလဆုတ် ၆ ရက်၊ ကြာသာပတေးနေ့ (၁၆၊၉၊၆၅)တွင် စတင်ကျောက်ဖျာခင်းပါသည်။

၁၂။ ဖယောင်းတိုင်ဂူလုပ်ခြင်း။ ။၁၃၂၇ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်(၁၊၁၀၊၆၅)သောကြာနေ့တွင် စတင်ဖယောင်းတိုင်ဂူ လုပ်ခဲ့ရာ ၎င်း ၁၃၂၉ ခု၊ ပြာသိုလ်လဆန်း ၃ ရက် (၂၊၁၊၆၈) အင်္ဂါနေ့ ကြမှသာလျှင် ပြီးစီးအောင်မြင်ခဲ့လေသည်။

၁၃။ အုဋ္ဌတံတိုင်းလုပ်ခြင်း။ ။၁၃၂၇ ခု၊ နတ္တော်လဆန်း ၂ ရက် (၂၅၊၁၁၊၆၅) ကြာသာပတေး နေ့ တွင် စတင်အုဋ္ဌတံတိုင်းလုပ်ခဲ့ရာ ၎င်း ၁၃၃၀ ခု၊ တပို့တွဲလဆန်း ၁၄ ရက် (၃၁၊၁၊၆၉) သောကြာနေ့ ကြမှ သာလျှင် ပြီးစီးအောင်မြင်ခဲ့လေသည်။

၁၄။ မုဒ်ဝလုပ်ခြင်း။ ။၁၃၂၈ ခု၊ တပို့တွဲလဆုတ် ၆ရက် (၂၊၃၊၆၇)စနေနေ့တွင် စတင်မုဒ်ဝလုပ်ခဲ့ရာ ၎င်း၁၃၃ဝ ခု၊ တပို့တွဲလဆန်း ၁၄ ရက်(၃၁-၁-၆၉)သောကြာနေ့ ကြမှသာလျှင် ပြီးစီးအောင်မြင်ခဲ့လေသည်။

၁၅။ ကျောင်းဆောက်ခြင်း။ ။၁၃၂၉ ခု၊တပို့တွဲလဆုတ် ၂ ရက် (၁၅၊၂၊၆၈) ကြာသပတေးနေ့တွင် ကျောင်း တိုင်စထူသဖြင့် ၎င်း ၁၃၃ဝ ခု၊ ကဆုန်လဆန်း ၁၅ရက် (၁၁၊၅၊၆၈)စနေနေ့ကြမှသာလျှင် ပြီးစီး အောင်မြင်ခဲ့ လေသည်။

## မိုးနိုင်းဘုရား မွမ်းမံရန် သံဃာအဖွဲ့နှင့် ဂေါပက ဖွဲ့စည်းခြင်း

၁၃၂၅ ခု၊ တပေါင်းလဆုတ် ၂ ရက်၊ စနေနေ့(၂၁၊၂၊၆၄) ည ၇ နာရီအချိန်တွင် ငှက်ပျောတော ကျေးရွာ ကျောင်းသိမ်ရေစက်ချပွဲတော် မဏ္ဍပ်အတွင်း၌ မိုးနိုင်းဘုရား ထီးတော်တင်ရန်နှင့် မွမ်းမံပြုပြင်ရန်အတွက် အထက်ရေပူဂိုဏ်းဂဏဦးစီးအဖွဲ့ဝင်ပုဂ္ဂိုလ်များအား အောက်ပါအတိုင်း အများသဘောတူ ရွေးကောက်တင်မြှောက် အတည်ပြုလိုက်ပါသည်။

### သံဃာ့အဖွဲ့

| | | |
|---|---|---|
| ၁။ | နာယက | အထက်ရေပူကျောင်းဆရာတော် |
| ၂။ | ဥက္ကဋ္ဌ | အထက် ပိုင်ကျုံ ကျောင်းသစ် ဆရာတော် |

ဒု-ဥက္ကဋ္ဌ နောင်ဘိုကျောင်းကြီးဆရာတော်

၃။ အတွင်းရေးမှူး (အထက်ပိုင်ကျုံကျောင်းကြီး ဆရာတော်)

ယခု လက်ရှိ အထက်ပိုင်ကျုံကျောင်းသစ် ဦးညာနုတ္တရ

တွဲဘက် (ငှက်ပျောတော ကျောင်းဆရာတော်)

ယခုလက်ရှိ ဝင်းကမော့ကျောင်း ဦးကေသယ

၄။ ဆော်သြရေးမှူး အထက်ပိုင်ကျုံကျောင်းသစ် ဦးပဏ္ဍိတ၊ ယခုမိုးနိုင်းဘုရားကုန်းကျောင်းတွင်ပြောင်းရွှေ့ သီတင်းသုံးနေသည်။

တွဲဘက် (ဝင်းဖလကျောင်းဆရာတော်)

ယခုလက်ရှိ မရှိပါ။

၅။ အကျိုးတော်ဆောင် ဆရာတော်များမှာ

၁။ တောင်ပို့ကျောင်းဆရာတော်

၂။ ကစိုကျောင်းကြီးဆရာတော်

၃။ ကစိုကျောင်းသစ်ဆရာတော်

၄။ ငှက်ပျောတောကျောင်းဆရာတော်

၅။ ပါတ်ကျောကျောင်းဆရာတော်

၆။ ပါတ်ပျိုးကျောင်းဆရာတော်

၇။ ပေါင်ရေပူရွာသစ်ကျောင်းဆရာတော်

၈။ နောင်ဘိုအင်းထိပ်ကျောင်းဆရာတော်

၉။ နောင်ဘိုဝေဠုဝန်ကျောင်းဆရာတော်

၁၀။ ရွာကိုင်းကောင်းကျောင်းဆရာတော်

၁၁။ ကုန်းကျေးဇူးကျောင်းဆရာတော်

၁၂။ ထန်းတောကျောင်းဆရာတော်

၁၃။ တာပေါင်ကမ်းနားကျောင်းဆရာတော်
၁၄။ တာပေါင်ကုန်းကျောင်းဆရာတော်
၁၅။ နောင်တိုင်ကျောင်းဆရာတော်
၁၆။ ကျောက်တောင်တောင်ကျောင်းဆရာတော်
၁၇။ ကျောက်တောင်မြောက်ကျောင်းဆရာတော်
၁၈။ ကဒီခံကျောင်းသစ်ဆရာတော်
၁၉။ ကဒီခံကျောင်းဟောင်းဆရာတော်
၂၀။ ကော့မြတ်ကြီးအရှေ့ကျောင်းဆရာတော်
၂၁။ ကော့မြတ်ကြီးအနောက် ကျောင်းဆရာတော်
၂၂။ တောင်ကလေးကျောင်းဆရာတော်
၂၃။ ပေါလောက်ကျောင်းဆရာတော်
၂၄။ ကြက်တူရွေးကျောင်းဆရာတော်
၂၅။ ကော့ထရယ်ကျောင်းဆရာတော်
၂၆။ ထန်းတပင်ကျောင်းဆရာတော်
၂၇။ မိကြောင်ကျောင်းဆရာတော်
၂၈။ မဲပရကျောင်းဆရာတော်
၂၉။ သနင်းသရောကျောင်းဆရာတော်
၃၀။ ကော့နွဲကျောင်းကြီးဆရာတော်
၃၁။ ကဖိုင်းကျောင်းဆရာတော်
၃၂။ ကော့တာဟိုးကျောင်းဆရာတော်
၃၃။ အောက်ရေပူကျောင်းဆရာတော်
၃၄။ တောင်သရက်ကုန်းကျောင်းဆရာတော်
၃၅။ ဘုရားကုန်းကျောင်းဆရာတော်
၃၆။ ကော့ပေါကျောင်းဆရာတော်

၃၇။ မြို့သာယာကျောင်းဆရာတော်
၃၈။ ကော့မော်ကျောင်းဆရာတော်
၃၉။ ဝင်းဖလကျောင်းဆရာတော်
၄၀။ ထိလုံအရှေ့ကျောင်းဆရာတော်
၄၁။ အထက်ပိုင်ကျုံကျောင်းကြီးဆရာတော်

## ဂေါပကအဖွဲ့

၁။ ဥက္ကဋ္ဌ ဦးမြစိန် ပေါလောက်ရွာသူကြီး
တွဲဘက် ဦးမောင်ညွန့် ကစို့ရွာသူကြီး
၂။ အတွင်းရေးမှူး ဆရာ ဌေးမောင် အထက်ပိုင်ကျုံရွာ
တွဲဘက် ဦးထွန်းတင် အထက်ပိုင်ကျုံရွာ
၃။ ငွေထိမ်း ဦးတာပုလု အထက်ပိုင်ကျုံရွာ
တွဲဘက် ဝဏ္ဏကျော်ထင် အထက်ပိုင်ကျုံရွာ
၄။ စာရင်းစစ် ဦးသာဂိယျ အထက်ပိုင်ကျုံရွာ
တွဲဘက် ဦးအာသဘ ကစို့ရွာ
၅။ ဆော်ဩရေးမှူး မန်းဘလုံး အထက်ပိုင်ကျုံရွာသူကြီး
တွဲဘက် ဦးစိန်အေး မိုးနိုင်းတောင်ရွာ
၆။ အကျိုးတော်ဆောင်လူကြီးများ
၁။ ဦးစိန်နီ(ယခုမရှိ)မိုးနိုင်းရွာသူကြီး
၂။ ဦးဖါးဝေါဖိုး မိုးနိုင်း ကျေးရွာ
၃။ ဦးဇာနန္ဒာစာရ အထက်ပိုင်ကျုံကျေးရွာ
၄။ ဒေါ်သင်းသင်းကြူ အထက်ပိုင်ကျုံကျေးရွာ

၅။ ဦးစိန်သောင်း ရွာကိုင်းကောင်းကျေးရွာ
၆။ ဦးကျူကျူဖိုး မိကြောင်ရွာသူကြီး
၇။ ဦးကြွာညို မဲပရရွာသူကြီး
၈။ ဦးရွှေရင်နက် ကျက်တူရွေး ကျေးရွာ
၉။ ဦးချစ်လှိုင် နှောင်ဘိုရွာသူကြီး
၁၀။ ဦးလှထွန်း ဝင်းဖလကျေးရွာ
၁၁။ ဦးသာနုဖေါ် ကော့ဖါထော်ကျေးရွာ
၁၂။ ဦးရွှေတာလီ ငှက်ပျောတောကျေးရွာ

## ပဒ္ဒဿာန်ဓမ္မ နိဂုံးရ

ဤ "မိုးနိုင်းဘုရားသမိုင်း"ကို ပြုစုရေးလှူရသော ဓမ္မဒါန မြတ်ပုညကြောင့် သတ္တဝါတိုင်း (ဒါနပညာတွေ) အပြည့်အစုံ တတ်မြောက်ကြပြီး ဒုဂ္ဂတိနယ်တွင်ပျောက်ကာ တိဟိတ်ကံပေါ် ရောက်လျက် သုဂတိချမ်းသာအဆင့်ဆင့် ပါရမီဉာဏ်အဆင့်ဆင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် အဆင့်ဆင့်နှင့်ဗောဓိဉာဏ်အဆင့်ဆင့်သို့ လွယ်ကူစွာ ရောက်ရှိကြပါစေသော်၊ ရောက်ရှိလွယ်သောအကြောင်း ပဒ္ဒဿာန်ဓမ္မ ဖြစ်ရှိပါစေသတည်း။

ဆရာတော် ဦးပဏ္ဍိတ စုဆောင်းရှာဖွေ၍ရသော မိုးနိုင်း ဘုရား မှတ်တမ်းသမိုင်းကို ပြုစုရေးသား၍....

၁၃၂၈ ခုတပို့တွဲလဆန်း ၁ ရက် (၁၀၊၂၊၆၆) သောကြာနေ့တွင် စက်တင်ပုံနှိပ် ပြီးစီးအောင်မြင်လေသတည်း။

ဘတ်ရှုရသူအပေါင်း ဝမ်းမြောက်ကြပါစေကြောင်း။

၅၊၁၁၊၃၀ ခု(၆၊၂၊၆၉)ကြာသာပတေးနေ့တွင် ဒုတိယအကြိမ် ရိုက်နှိပ်သည်။

ရေးသားပြုစုသူ....

ဦးပဏ္ဍိတ
မိုးနိုင်းဘုရားကုန်းကျောင်း

တည်းဖြတ်သူ....

**မန်းနဲ့စန်**
ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှု
ဝါဒဖြန့်ချိရေး ထိန်းသိမ်းရေးမှူး။

ငါးမာန်အောင် ဆုတောင်းပြည့်စေတီ
မိုးနှိုင်း ဘုရားကုန်းကျောင်း
လှိုင်းဘွဲ့မြို့ပိုင် ဘားအံခရိုင် ကော်သူးလေပြည်နယ်
ဒုတိယ အကြိမ် အုပ်ရေ(၅၀၀၀)

---

ထုတ်ဝေသူ ဦးပါ
စိန်ရတနာစာပေ မှတ်ပုံတင်အမှတ်(၀၁၄၀)
၃၁၅ ကျိုက္ကဆံလမ်း၊ တာမွေ

ပုံနှိပ်သူ ဦးပါ
စိန်ရတနာပုံနှိပ်တိုက်၊ မှတ်ပုံတင်အမှတ်(၀၂၁၈)
၃၁၅ ကျိုက္ကဆံလမ်း၊ တာမွေ
**ဘာသာရေးဆိုင်ရာခွင့်ပြုချက်အမှတ်(၄၀၃၂)**

## ဆုတောင်း

ဤ "မိုးနှိုင်းဘုရားသမိုင်း" ကို ပြုစုရေးလှူရသော ဓမ္မဒါန မြတ်ပုညကြောင့် သတ္တဝါတိုင်း(ဒါနပညာတွေ)ဖ ခဲ့အစုံ တတ်မြောက်ကြပြီး ဒုဂ္ဂတိနယ်တွင် ပျောက်က တိဟက်ကံ ပေါ်ရောက်လျက် သုဂတိ ချမ်းသာအဆင့်ဆင့်၊ ပါရမီဉာဏ် အဆင့်ဆင့်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အဆင့်ဆင့်နှင့် ဗောဓိဉာဏ် အဆင့်ဆင့်သို့ လွယ်ကူစွာရောက်ရှိကြပါစေသောဝ်၊ ရောက်ရှိ လွယ်သောအကြောင်း ပဒဋ္ဌာန်ဓမ္မဖြစ်ရှိပါစေသတည်း။

ဘတ်ရှုရသူအပေါင်း ဝမ်းမြောက်ကြပါစေကြောင်း။

ဦးပဏ္ဍိတ

မိုးနှိုင်းဘုရားကုန်းကျောင်း။

(၁၀-၂-၆၇)

၁၃၂၈-ခု၊ တပို့တွဲလဆန်း ၁-ရက်။